ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့၊ (13-3-2012) (၇၀၆၃)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော်　　မတ်　　၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pham Binh Minh ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ခိုင်မာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးစသည့်ကဏ္ဍများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pham Binh Minh အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

လက်ခံ တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီး H.E. Mr.Pham Binh Minh ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

ရွေးကောက်ပွဲနေ့တွင် မဲရုံအသီးသီး၌ လွှတ်တော်ကိုယ်စားလှယ်လောင်းများက မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်ထားရှိစောင့်ကြည့်နိုင်ကြောင်း အသိပေးကြေညာ ပြည်တွင်းသတင်း စာမျက်နှာ ၃

မကွေးတိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာနှင့် နည်းပညာများ တိုးတက်မြင့်မားလာစေရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော တက္ကသိုလ်များ ပြည်တွင်းသတင်း စာမျက်နှာ ၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

ယင်းသို့ တွေ့ဆုံကြစဉ် လွှတ်တော်ရေးရာကိစ္စနှင့် နိုင်ငံတော်နှင့် ပြည်သူများ အကျိုးစီးပွားအတွက် ဆောင်ရွက်နေသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်သည် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး၏ ၁၂ ရက်မြောက်နေ့ ကျင်းပနေမှုကို ကြည့်ရှုလေ့လာသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးနှင့်အတူ အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ အာရှဗျူရိုမှ လက်ထောက်အုပ်ချုပ်ရေးမှူး Ms. Nisha Desai Biswal၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr.Daniel Baer နှင့် အမေရိကန်သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့် အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပနေမှု ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၂ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်ကြည့်ရှုအားပေးသည်။

ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် နံနက် ၇ နာရီမှ စတင်၍ မဏိရတနာကျောက်စိမ်းခန်းမ အနီးတွင် အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအား စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး **(ယာပုံ)** သက်ဆိုင်ရာတင်ဒါပုံးများအတွင်း အဆိုပြုလွှာများကို အပြိုင်အဆိုင် ထည့်သွင်းကြသည်။

အလားတူ နေပြည်တော်၌ ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Pham Binh Minh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်စိမ်းအတွဲများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနေမှုနှင့် ကျောက်မျက်ရတနာအရောင်းပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက မြန်မာ့ကျောက်မျက်ရတနာပြပွဲများသို့ (၂၅)နှစ်ဆက်တိုက် တက်ရောက်သူတစ်ဦး၊ အနှစ်(၂၀)ဆက်တိုက် တက်ရောက်သူ သုံးဦး၊ (၁၅)နှစ်ဆက်တိုက် တက်ရောက်သူ ခုနစ်ဦးနှင့် (၁၀)နှစ်ဆက်တိုက် တက်ရောက်သူ ၁၀ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ညနေပိုင်းတွင် ပြပွဲဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်စိမ်းအတွဲများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနေမှုနှင့် တင်ဒါပုံးများ ဖွင့်ဖောက်စစ်ဆေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၁၈၉၄ တွဲ ရောင်းချရပြီး ကျောက်စိမ်း အတွဲများကို မတ် ၁၅ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ မတ် ၁၆ ရက်မှ ၁၈ ရက်အထိ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၁၃-၃-၂၀၁၂ [အင်္ဂါနေ့]။

သန့်ရှင်းကောင်းမွန်သောမြို့

လူဦးရေများသော မြို့ကြီးများရှိ မြို့ပြနေလူတို့၏ နေထိုင်မှုပုံစံမှာ ခေတ်မီသပ်ရပ်ခမ်းနားစွာ နေထိုင်ကြသည်။ အချိန်နှင့်အမျှ တိုးတက်များပြားလာသော လူဦးရေအတွက် နေထိုင်မှုပုံစံအဆောက်အအုံများမှာ အထပ်မြင့်တိုက်များအဖြစ် ပြောင်းလဲလာသည်။

ထိုသို့နေထိုင်ရသည့် အဆောက်အအုံများစွာမှာ ကန်ထရိုက်များက တာဝန်ယူ၍ဆောက်လုပ်သော အထပ်မြင့်အဆောက်အအုံများ၊ ကွန်ဒိုအဆောက်အအုံများဖြစ်ကြသည်။ ထိုကန်ထရိုက်တိုက်များ၌ မြေညီထပ်တွင် အခန်းအပျောက်ဈေးမှာ များလွန်းသဖြင့် သာမန်လူတန်းစားများမှာ မိမိငွေကြေးပေါ်မူတည်၍ အထပ်မြင့်များတွင်သာနေထိုင်ရန် ရွေးချယ်ကြသည်။

အချို့က ဈေးနှုန်းမြင့်သည့်မြေညီထပ်သည် အထပ်မြင့်များမှ ပစ်ချသောအမှိုက်များကြောင့် ခြင်၊ ယင်နှင့် အနံ့အသက်မခံရလို၍ မြေညီကို မရွေးချယ်ကြပါ။ မြေညီထပ်အများစုမှာ လူနေနည်းပါး၍ ဈေးဆိုင်များ၊ အလုပ်ရုံများအပြင် ယခုအခါ အိမ်ရှင်များက ဂိုဒေါင်များအဖြစ်ပင်ငှား၍ ပစ္စည်းများထားတတ်ကြသည်။ ပြီးခဲ့သည့်နှစ်လခန့်က ရန်ကုန်မြို့ မြို့နယ်တစ်ခုတွင် လွန်ခဲ့သောသုံးနှစ်က ဆောက်လုပ်ခဲ့သည့် ကန်ထရိုက်တိုက်မှာ မြေညီထပ်၌ ဂိုဒေါင်လုပ်၍ ပစ္စည်းများထားသောကြောင့် ကြမ်းခင်းကျွံပြီး တိုက်ဘေးနံရံများ အက်ကွဲခဲ့ရာ နေထိုင်သူများ အခြားသို့ ရွှေ့ပြောင်းနေထိုင်ရကြောင်း သိရှိခဲ့ရသည်။ အထူးသဖြင့် မြေညီတွင် ဂိုဒေါင်များငှားရမ်းထားသည့် မြို့နယ်အများစုမှာ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ဆိပ်ကမ်းမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်ရှိ မြေညီထပ်များ အဖြစ်များသည်။

တစ်ခါ ရန်ကုန်မြို့ မြို့လယ်ဒေသရှိမြို့နယ်များ၌ မြို့ပြလမ်းများ ကောင်းမွန်ရေးအတွက် ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးလျက်ရှိသည်။ နိုင်ငံတော်က ငွေကြေးများစွာ အကုန်အကျခံပြီး ဖောက်လုပ်ထားသော လမ်းပေါ်တွင် တန်ပိုကားများ ဝင်ထွက်ခြင်းကြောင့် လမ်းများမကြာမီ ပျက်စီးရသည်။ လူနေကန်ထရိုက်တိုက် မြေညီထပ်များတွင် ကုန်လှောင်ရုံများ၊ ဂိုဒေါင်များထားခြင်းသည် မိမိအတွက် ကောင်းမွန်သော်လည်း မြို့ပြနှင့် ဝန်းကျင်အတွက် ဂရုပြုရမည်။ ထို့ပြင် အမှိုက်များ နောက်ဖေးလမ်းကြားသို့ မပစ်ရန်လည်း တင်းကျပ်စွာ တားမြစ်မှုပြုသင့်သည်။ သို့မှသာ သာယာလှပသော၊ သန့်ရှင်းတောက်ပြောင်သော၊ မြို့အင်္ဂါနှင့်ညီသော မြို့တစ်မြို့ ဖြစ်လာမည်ဖြစ်ရာ မြို့နေပြည်သူလူထုက သိရှိနားလည်ကူညီပေးပါမှ တစ်ယောက်ချင်း၊ တစ်ခန်းချင်း၊ တစ်တိုက်ချင်း အသိရှိရှိ ကူညီပေးပါမှ သင်တို့မျှော်လင့်သော သန့်ရှင်းလှပသည့်မြို့တော် ဖြစ်လာပါမည်။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၂ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၆၅၅၀	၀. ၀၃၂၆၂
တရုတ် (ယွမ်)	၆. ၃၂၈၄၇	၀. ၁၅၈၀၂
အိန္ဒိယ (ရူပီး)	၄၉. ၉၆၈၂	၀. ၀၂၀၀၁
မလေးရှား (ရင်းဂစ်)	၃. ၀၃၀၀၃	၀. ၃၃၀၀၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၁၅၈	၀. ၇၉၂၆၆
ဂျပန် (ယန်း)	၈၂. ၂၄၀၀	၀. ၀၁၂၁၆
တောင်ကိုရီးယား(ဝမ်)	၁၁၂၄. ၂၁	၀. ၀၀၀၈၉
ယူရို	၀. ၇၆၂၂၆	၁. ၃၁၁၈၈
ဗြိတိသျှ (ပေါင်)	၀. ၆၃၉၇၀	၁. ၅၆၃၂၄

အင်တာနက်။

သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ဒုတိယဝန်ကြီး ဦးသန်းထွန်း ရှင်းလင်းပြောကြား

နေပြည်တော် မတ် ၁၂

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် မတ် ၉ ရက်တွင် မအူပင်မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ သမဝါယမဦးစီးဌာနဝန်ထမ်းများနှင့် အသင်းစုအဖွဲ့ဝင်များအား တွေ့ဆုံ၍ **(အပေါ်ပုံ)** သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း

ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကလေးပြုစုရေးဌာနနှင့် ဇေတဝန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့သို့ ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ဖြူဖြူညွန့်၊ ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ လိုက်ပါလျက် မတ် ၁၁ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သင်တန်းကျောင်း ပညာရေး ငွေပဒေသာပင်အဖြစ် နိုင်ငံတော်သမ္မတနှင့်ဇနီး မိသားစုက ငွေကျပ်ငါးသိန်း၊ ကမ္ဘောဇဘဏ်လီမိတက်နှင့် ရွှေသံလွင်ကုမ္ပဏီတို့က ငွေပဒေသာပင် ငွေကျပ်သိန်း ၅၀ နှင့် ရွှေသံလွင်ကုမ္ပဏီက Sky Net(DTH) ရုပ်သံဖမ်းစက်တစ်စုံ၊ ရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် မီးအားပေးစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်းသည် ကျိုင်းတုံမြို့ ယန်းခမ်းရပ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ကလေးပြုစုရေးဌာနသို့ရောက်ရှိပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးမိသားစုက ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ကမ္ဘောဇဘဏ်လီမိတက်နှင့် ရွှေသံလွင်ကုမ္ပဏီတို့က ငွေပဒေသာပင်အဖြစ် ငွေကျပ်သိန်း ၅၀၊ ရွှေသံလွင်ကုမ္ပဏီက Sky Net(DTH) ရုပ်သံဖမ်းစက် တစ်စုံ၊ ရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် မီးအားပေးစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ် ခင် ခင် ဝင်း ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေး သင် တန်း ကျောင်း အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီးနှင့် အဖွဲ့ဝင်များသည် ကျောင်းရှိကလေးငယ်များအား အာဟာရဖြည့် အစားအစာများ ကျွေးမွေးလှူဒါန်းကြပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ၏ ဇနီးသည် အဖွဲ့ဝင်များနှင့်အတူ ကျိုင်းတုံမြို့ ဇေတဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ရောက်ရှိသည်။

ထို့နောက် ကျောင်းပဓာန နာယကဆရာတော် ဘဒ္ဒန္တ စန္ဒာဝရအား ဖူးမြော်ကြည်ညိုပြီး ကျောင်းပညာရေးပဒေသာပင်အတွက် နိုင်ငံတော်သမ္မတ၏ဇနီးမိသားစုက ငွေကျပ်ငါးသိန်းကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကမ္ဘောဇဘဏ်လီမိတက်နှင့် ရွှေသံလွင်ကုမ္ပဏီတို့က ပညာရေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ရွှေသံလွင်ကုမ္ပဏီက Sky Net(DTH) ရုပ်သံဖမ်းစက်တစ်စုံ၊ ရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် မီးအားပေးစက်တစ်လုံးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ရွေးကောက်ပွဲနေ့တွင် မဲရုံအသီးသီး၌ လွှတ်တော်ကိုယ်စားလှယ်လောင်းများက မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်ထားရှိစောင့်ကြည့်နိုင်ကြောင်း အသိပေးကြေညာခြင်း

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၀ နှင့် နည်းဥပဒေ ၂၃ တို့အရ လွှတ်တော်ကိုယ်စားလှယ်လောင်း (ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်) သည် ရွေးကောက်ပွဲတွင် မဲရုံအသီးသီး၌ မိမိကိုယ်စားဆောင်ရွက်နိုင်ရန် မဲရုံကိုယ်စားလှယ်တစ်ဦးနှင့် အကူကိုယ်စားလှယ်တစ်ဦးတို့ကို နည်းဥပဒေပါ ပုံစံ (၈)ဖြင့် ခန့်ထားနိုင်ပြီး ယင်းတို့အား ခန့်ထားသည့် ခန့်စာနှစ်စောင်ကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆန္ဒမဲပေးသည့်နေ့မတိုင်မီ ခုနစ်ရက်ကြိုတင်၍ ပေးပို့ထားရမည်ဖြစ်သည်။

ယင်းမဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်အား အစားထိုးလဲလှယ်လိုလျှင် နည်းဥပဒေပါ ပုံစံ(၈-က)ဖြင့် ရုပ်သိမ်း၍ ပုံစံ(၈)ဖြင့် အသစ်ထပ်မံခန့်ထားပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ အချိန်မီပေးပို့ထားရန် လိုအပ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်း(ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်)က ခန့်ထားသည့် ဖော်ပြပါ မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့သည် နည်းဥပဒေ ၄၈(ခ)(၆)အရ မဲပေးသည့်နေ့တွင် မဲရုံအတွင်းသို့ ဝင်ရောက်ခွင့်ရှိသည့်အပြင် နည်းဥပဒေ ၆၅ အရ မဲရုံ၌ မဲရေတွက်ခြင်းကို ကြည့်ရှုခွင့်ရှိခြင်း၊ ဆန္ဒမဲစာရင်းပုံစံ (၁၆)တွင် မှန်ကန်ကြောင်း လက်မှတ်ရေးထိုးခွင့်ရှိခြင်း စသည့် ဥပဒေပါ အခွင့်အရေးများ ရရှိစေမည်ဖြစ်ပါသည်။ (အကယ်၍ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာဖြစ်ပါသည်။)

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည်လည်း နည်းဥပဒေ ၆၇(က)နှင့် (ခ)တို့အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် ရေတွက်သည့် ကြိုတင်ဆန္ဒမဲစာရင်း ပုံစံ(၁၈)ကို လည်းကောင်း၊ ယင်းပုံစံ (၁၈)နှင့် မဲရုံအသီးသီးကပေးပို့သည့် ဆန္ဒမဲစာရင်းတို့ ပူးပေါင်းစာရင်းပြုစုသည့် ပုံစံ (၁၉)တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးခွင့်ရှိကြပါသည်။ ထိုသို့ စာရင်းပြုစုရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ် မလာရောက်နိုင်ပါက ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်ကြရပါမည်။(အကယ်၍ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်ပါသည်။)

ထို့ကြောင့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲတွင် မိမိကိုယ်စားဆောင်ရွက်ရန် ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ ခန့်ထားဆောင်ရွက်ခြင်းဖြင့် ရွေးကောက်ပွဲ၏ လွတ်လပ်မျှတမှုကို တရားဝင်စောင့်ကြည့်နိုင်ခွင့် ရှိမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ရုံးထိုင်ကြားနာ

နေပြည်တော် မတ် ၁၂

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအားလုံးပါဝင်သော ခုံရုံးသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင်ပါ(၂၃)ဦးတို့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၄(ဂ)နှင့် ပုဒ်မ ၅ တို့ပါ အနက်အဓိပ္ပာယ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ၂၆၃၊ ၂၆၄ တို့နှင့် ယှဉ်ထိုးလျက် အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၅(ဃ)အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ လျှောက်ထားသည့် တင်သွင်းလွှာကို ခုံရုံးကခွင့်ပြု၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၅ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုဆုံးဖြတ်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်အပေါ် ပြန်လည်သုံးသပ်ပေးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းသည့် တင်သွင်းလွှာအမှတ် ၂/၂၀၁၂ကို ယနေ့ နံနက် ၁၀ နာရီတွင် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရေး ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၌ ကျင်းပရာ**(ယာပုံ)** အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာနိုင်ငံအသီးသီးမှ လူမှုရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စနစ်တကျ ပါဝင်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်နှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Australia နိုင်ငံ Rotary Club of Essendon မှ ဥက္ကဋ္ဌ Mr. Steve Roe နှင့်အဖွဲ့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးရှိ ဆေးပစ္စည်းများ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၃-၃-၂၀၁၂ (အင်္ဂါနေ့)

၅း၄၀	"အချိန်နှင့်လူသား သတိထား" တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုဏ္ဍက)
၈း၅၀	ခရမ်းမြို့နယ်၊ အထက ပိန်းကန်၏ မြတ်ဆရာပူဇော်ပွဲအခမ်းအနား
၉း၂၅	Cartoon Show Time(THOR)
၁၀း၂၀	NIBBAN Dealer's Night 2012
၁၀း၄၀	Celebrity Style (စန္ဒီမြင့်လွင်)
၁၂း၄၀	မြတ်ဗုဒ္ဓဒေသနာဖြန့်ဝေဖြာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၁း၅၀	ကျေးဇူးတရား ထွန်းကားရာ "ဗုဒ္ဓဂယာ"
၂း၅၀	Parkway Health ကလေးနှင့် လူကြီးများတွင် အဖြစ်များသော နား၊ နှာခေါင်း၊ လည်ချောင်းအကျိတ်များ
၃း၀၅	ကျန်းမာရေးနှင့်ညီညွတ်စေမည့် ဝေစမ်းလက်ဖက်ခြောက်သည်
၆း၁၅	ဓမ္မအလင်းဓမ္မဒါနနှင့် ဓမ္မမီဒီယာ တို့၏သိက္ခာထပ်အလှူတော်မင်္ဂလာ
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ"(အပိုင်း-၂၀)**
၇း၃၀	Celebrity Choice
၈း၃၀	အနုပညာမိုးကောင်းကင်
၉း၂၀	The Shop Around The Corner (Part-42)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၉၇)**
၁၀း၁၅	သီချင်းကောင်းကောင်းသီချင်းတောင်း
၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၁၂)**
၁၁း၂၀	အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
၄း၄၅	အဓိဋ္ဌာန်အောင်မြင်သည့် သစ်ပုံဗုဒ္ဓရုပ်ပွားတော်

အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၂

အမျိုးသားဒီမိုကရေစီအင်အားစုပါတီခေါင်းဆောင် ဦးခင်မောင်ဆွေက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား-

မိဘပြည်သူအပေါင်း ရွှင်လန်းချမ်းမြေ့ကြစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

မိဘပြည်သူများကို အမျိုးသားဒီမိုကရေစီအင်အားစုပါတီခေါင်းဆောင် ကျွန်တော် ဦးခင်မောင်ဆွေက တင်ပြအစီရင်ခံသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ရှင်းလင်းတင်ပြချင်တာက ခမောက်တစ်လုံးပေါ်မှာ ကြယ်နှစ်ထပ်ဆင့်ထားတဲ့ သင်္ကေတဟာ "ခမောက်ပါတီ"လို့ အတိုကောက်ခေါ်နေကြတဲ့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီရဲ့ တရားဝင်ပါတီတံဆိပ်ဖြစ်ပါတယ်။ ဒီခမောက်တံဆိပ်ကို ရွေးကောက်ပွဲကော်မရှင်မှာ တရားဝင်လျှောက်ထားရရှိခဲ့တဲ့အတွက် ကျွန်တော်တို့ပါတီနဲ့သာ သက်ဆိုင်တဲ့ပါတီပိုင် အမှတ်တံဆိပ်အစစ်ဖြစ်ကြောင်း မိဘပြည်သူများကို ရှင်းလင်းစွာ အသိပေးတင်ပြအပ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ မူကြီး (၅)ချက်ကို ကိုင်စွဲထားပါတယ်။ အဲဒါတွေက ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ အမျိုးသား သွေးစည်းညီညွတ်ရေး၊ တစ်မျိုးသားလုံး တန်းတူညီမျှရေး၊ တစ်ပြည်လုံး တစ်ပြေးညီ စီးပွားတိုးတက်ရေးနဲ့ စစ်မှန်တဲ့ ပြည်ထောင်စုဘဝကို ရောက်ရှိရေးစသည်တို့ပဲ ဖြစ်ပါတယ်။ ဒီမူတွေဟာ ဒီမိုကရေစီပြည်ထောင်စုသစ်ကြီးတည်ဆောက်ဖို့အတွက် အခြေခံမူကြီးတွေဖြစ်သလို နိုင်ငံသားပြည်သူတစ်ယောက်ချင်းနဲ့လည်း သက်ဆိုင်တဲ့မူကြီးတွေ ဖြစ်ပါတယ်။ NDF ပါတီဟာ ဒီမူကြီးတွေ ကိုင်စွဲပြီး ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးဖို့ လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပမှာ နိုင်ငံရေးသတိရှိရှိနဲ့ စောင့်ကြည့်ကြိုးပမ်းသွားမယ်ဆိုတာကို မိဘပြည်သူများကို ဒီနေရာကနေ ဦးစွာ ကတိစကားဆိုအပ်ပါတယ်။

ဒါကြောင့် ဥပဒေပြုလွှတ်တော်ထဲမှာ ပြည်သူဘက်ကရပ်တည်ပေးမယ့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဥပဒေတွေ ပြဋ္ဌာန်းပြီး ဒီမိုကရေစီအခြေခံဥပဒေအဖြစ်ရောက်အောင် ရှေးရှုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူများရဲ့ လူနေမှုဘဝ အဆင့်အတန်းတွေ မြင့်မားစေဖို့ ဥပဒေပြုအာဏာဘောင်အတွင်းက ဆောင်ကြဉ်းပေးနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်လျက်ရှိပါတယ်။

မိဘပြည်သူများခင်ဗျား-

ငြိမ်းချမ်းရေးမရှိရင် စီးပွားဖွံ့ဖြိုးမှာ မဟုတ်ပါဘူး။ စီးပွားရေးမဖွံ့ဖြိုးရင်လည်း တန်းတူညီမျှ ပြည်ထောင်စုဘဝနဲ့ ဝေးနေဦးမှာပဲ ဖြစ်ပါတယ်။ တန်းတူညီမျှမှုမရှိတဲ့ ပြည်ထောင်စုတစ်ခုမှာ အမျိုးသားညီညွတ်ရေးဆိုတာကို ရှာဖွေလို့ ရနိုင်မှာ မဟုတ်ပါဘူး။ အမျိုးသားညီညွတ်မှုမရှိတဲ့ နိုင်ငံမှာ နိုင်ငံရေးပြဿနာရှိနေမှာပါပဲ။ ခုအခါမယ် နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းပြီး ငြိမ်းချမ်းရေးအရယူရေးဟာ တစ်မျိုးသားလုံး အရေးဖြစ်နေပြီလို့ NDF က မှတ်ယူပါတယ်။

အဲ့ဒါကြောင့် မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနဲ့ စီးပွားဖွံ့ဖြိုးရေးတွေကို တစ်ပြိုင်နက်တည်း ဖော်ဆောင်ရပါတယ်။ အဲ့ဒီအခါမယ် လူနေမှုအဆင့်အတန်းတွေ မြင့်မားလာစေဖို့ မိသားစုတိုင်း ဖူလုံလောက်ငတဲ့ ဝင်ငွေရှိအောင် ကြိုးပမ်းနိုင်ပြီ ဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာစီးပွားနဲ့ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းတွေ ဖွံ့ထွားအောင် ဆောင်ရွက်ပြီး ပြည်သူတစ်ရပ်လုံး စီးပွားတိုးတက်ရေးနဲ့ နိုင်ငံစီးပွားကို မြှင့်တင်နိုင်မှာဖြစ်တယ်လို့ ခမောက်ပါတီက ယုံကြည်ပါတယ်။ အဲဒီလို ယုံကြည်တဲ့အတိုင်း ဥပဒေပြုလွှတ်တော်ထဲကနေပြီး NDF ပါတီဟာ ဆက်လက်ကြိုးပမ်းဖော်ဆောင်သွားမယ်ဆိုတာကို မိဘပြည်သူများကို ကတိပေးပြောကြားလိုပါတယ်။

ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီဟာ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ဆက်လက်ထုတ်ပြန်ပေးရေး၊ မြေမြှုပ်မိုင်းကင်းစင်ရေး၊ ပင်စင်လစာတွေတိုးမြှင့်ပေးရေး၊ သန့်ရှင်းတဲ့သောက်သုံးရေရရှိရေးဟာ အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်တာကြောင့် အမျိုးသားရေသယံဇာတဥပဒေပြုရေး စတဲ့အဆိုတွေ လွှတ်တော်ထဲမှာ တင်သွင်းခဲ့ပါတယ်။ ဒါတင်မကပါဘူး၊ တောင်သူလယ်သမားတွေအတွက် အမတော်ကြေးငွေတိုးမြှင့်ပေးရေး၊ လယ်လုပ်သူတိုင်း လယ်ယာမြေဂရန်စနစ်နဲ့ ပိုင်ခွင့်ရရှိရေးတွေအပြင် အမျိုးသမီးအခွင့်အရေးကာကွယ်ရေး၊ အမျိုးသမီးများတန်းတူညီမျှရေးနဲ့ ဝန်ထမ်းမိခင်လောင်းများ မီးဖွားပြီးနောက် ခွင့် (၃)လရရှိရေး၊ စရိတ်မျှပေးကျန်းမာရေးအပြင် အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က စရိတ်အလုံးစုံကျခံပေးမည့် ပြည်သူ့ဆေးရုံများပေါ်ထွန်းရေးစတာတွေကို ပြည်သူ့အတွက် NDF က လက်တွေ့ဆောင်ရွက်ခဲ့တယ်ဆိုတာကို မိဘပြည်သူများကို အစီရင်ခံတင်ပြအပ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပြည်သူ့အတွက် ပြောသလိုလုပ်ပြီး လုပ်သလိုပြောတဲ့ နိုင်ငံရေးတည်ကြည်ဖြောင့်မတ်မှုကို တန်ဖိုးထားပါတယ်။ ပြည်သူ့အပေါ် သစ္စာရှိဖို့ထက် ပိုအရေးကြီးတဲ့အရာ မရှိဘူးလို့လည်း ခံယူထားပါတယ်။ ဒါကြောင့် ၂၀၁၀ ရွေးကောက်ပွဲမှာ ဘယ်ပါတီကို မဲပေးရမလဲ ဝေခွဲမရဖြစ်နေတဲ့ ပြည်သူ့ရှေ့ကို သစ္စာရှိစွာ ထွက်ရပ်ပေးခဲ့တာ သက်သေပဲဖြစ်ပါတယ်။ လွှတ်တော်ထဲမှာ အမတ်ဦးရေနည်းနည်းနဲ့ သဲသဲမဲမဲအရေးဆိုခဲ့တဲ့ နိုင်ငံရေးသွေးကိုလည်း ပြသခဲ့ပြီးပါပြီ။ အဲဒါကြောင့် ရပ်တည်ချက်တစ်နေရာသာရှိပါစေ ကမ္ဘာကြီးကို ရွှေ့ပစ်နိုင်တယ်လို့ သိပ္ပံပညာရှင်ကြီးတစ်ဦးက ဆိုခဲ့ဖူးသလို NDF ပါတီကလည်း လွှတ်တော်ထဲမှာ ကိုယ်စားလှယ်တစ်ဦးပဲရှိပါစေ လွှတ်တော်နိုင်ငံရေးကို ပြည်သူ့အတွက် ကိုင်လှုပ်သွားဦးမှာပဲဆိုတာ မိဘပြည်သူတွေကို ဒီနေရာကနေ နိုင်ငံရေးသစ္စာစကား ဆိုလိုက်ပါတယ်။

မိဘပြည်သူများခင်ဗျား-

NDF ပါတီဟာ နိုင်ငံရေး ရေဆန်ခရီးကို ဆန်တက်ခဲ့ရပေမယ့် ပြည်သူ့အတွက် အရပ်ဘက်အုပ်ချုပ်ရေးနဲ့ လွှတ်တော်နိုင်ငံရေးတွေကို ဒီမိုကရေစီအင်အားစုတွေနဲ့ အတူလက်တွဲဖော်ဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ပြည်သူ့အတွက် ဒီမိုကရေစီရေးတာဝန်ကို နိုင်ငံရေးအသိရှိရှိနဲ့ ထမ်းဆောင်ခဲ့တယ်ဆိုတာ ထင်ရှားခဲ့ပါပြီ။ မြန်မာနိုင်ငံပြည်သူတွေဟာ ဆင်းရဲတွင်း နက်နေဆဲပါပဲ။ ခုအခါမယ် နာကျင်မှုတွေကို ပယ်ဖျောက်ပေးဖို့ အလုပ်အကိုင်တွေ ဖန်တီးပေးရပါမယ်။ ကျွန်တော်တို့ပါတီမူဝါဒအရ ခေါင်းရွက်ဗျပ်ထိုးဈေးသည်ကအစ ကုန်သည်ပွဲစား၊ လုပ်ငန်းရှင်များပါမကျန် နိုင်ငံတော်နဲ့ ပုဂ္ဂလိကဘဏ်တွေက အရင်းအနှီး မတည်ငွေထုတ်ချေးပေးဖို့ ပါရှိတဲ့အတိုင်း လွှတ်တော်မှာတင်ပြခဲ့ပါတယ်။ နိုင်ငံတော်က အခုဆောင်ရွက်နေတဲ့ ကျေးလက်ဖွံ့ဖြိုးရေး အသေးစားချေးငွေစီမံချက်ဟာ ခမောက်ပါတီရဲ့မူဝါဒနဲ့လည်း ကိုက်ညီနေတာကို တွေ့ရပါတယ်။ အဲဒါကြောင့် မြို့ပေါ်နေအခြေခံလူတန်းစားတွေ အပါအဝင် ဆင်းရဲနွမ်းပါးမှုဒဏ်ခံနေရတဲ့ ပြည်သူတွေအတွက် အသေးစားချေးငွေအစီအမံနဲ့ အလုပ်အကိုင်ရရှိရေးကို ဆက်စပ်ကျင့်သုံးပေးမယ်ဆိုရင် ဆင်းရဲနွမ်းပါးမှုကို ထိရောက်စွာ လျှော့ချနိုင်လိမ့်မယ်လို့ ပါတီကယုံကြည်ကြောင်း ပြောကြားလိုပါတယ်။

လာမယ့် ကြားဖြတ်ရွေးကောက်ပွဲအတွက် NDF ပါတီရဲ့ ကြွေးကြော်သံတွေက
- စနစ်ကိုပြောင်းတာ ခမောက်
- ခေတ်ကိုပြောင်းတာ ခမောက် ဆိုပြီး ကြွေးကြော်ထားပါတယ်။

ဒါဟာ NDF ပါတီရဲ့ သမိုင်းလည်းဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၁၀ ပါတီမှတ်ပုံတင်ဥပဒေထုတ်ပြန်ချိန်က ပြည်သူ့အပေါ် နိုင်ငံရေးတာဝန်သိသိ နိုင်ငံရေးအမြော်အမြင်ရှိရှိနဲ့ NDF ပါတီကို တည်ထောင်ခဲ့ကြတယ်။ ဒါကြောင့်မို့ နှစ်ပေါင်းများစွာ ဒီမိုကရေစီလမ်းပျောက်ခဲ့ကြတဲ့ ပြည်သူတွေဟာ ဒီကနေ့ ဒီမိုကရေစီလမ်းစကို ရှာဖွေတွေ့ရှိသွားကြတာကို ဘယ်သူမှ ငြင်းကွယ်လို့မရပါဘူး။ အဲဒါကြောင့် ပြည်သူတွေ စားဝတ်နေရေး ပြေလည်ရေးဆိုတဲ့ လူမှုအောင်ပွဲကို ရောက်စေဖို့ "လူမှုအောင်ပွဲအရောက်နွှဲဖို့ ခမောက်မဲကို ထည့်ကြစို့" လို့ ခမောက်ပါတီက ကြွေးကြော်လိုက်တာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ လူငယ်မျိုးဆက်တွေကို အလေးအနက် တန်ဖိုးထားပါတယ်။ နိုင်ငံ့အနာဂတ်ကို လူငယ်တွေကသာ ပိုင်ဆိုင်တာကြောင့် ပါတီရဲ့နိုင်ငံရေးအနာဂတ်ကို လူငယ်တွေအားနဲ့ ဆက်လက်တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် လူမှုအောင်ပွဲကိုရောက်အောင် လူငယ်တွေအားနဲ့ ဖော်ဆောင်သွားဖို့ ရည်မှန်းထားပြီးဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျား -

ကျွန်တော်တို့နိုင်ငံမှာ ပီပြင်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို အရောက်သွားရပါဦးမယ်။ ဈေးကွက်စီးပွားရေး ပီပြင်ဖို့ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်တွေအပေါ် အာမခံချက်ရှိရမှာ ဖြစ်သလို အပြည့်အဝ ပြိုင်ဆိုင်ခွင့်ကိုလည်း ပေးရပါမယ်။ နိုင်ငံသားပြည်သူတစ်ဦးချင်းမှာ ဥပဒေအရ တန်းတူညီမျှ စီးပွားရေးလုပ်ပိုင်ခွင့်ရရှိစေရပါမယ်။ဒါမှသာ ပီပြင်တဲ့ ဈေးကွက်စနစ်ကို ရောက်နိုင်ပါလိမ့်မယ်။ အဲဒါကြောင့် ကျွန်တော်တို့ပါတီဟာ လွှတ်တော်ထဲမှာ အများပါဝင်နိုင်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဖြစ်ထွန်းစေပြီး လူတစ်စု၊ တစ်ဖွဲ့တစ်သင်းက ချုပ်ကိုင်ခြယ်လှယ်တဲ့ စီးပွားရေးအနေအထားမျိုး မဖြစ်အောင် စီးပွားရေး လက်ဝါးကြီးအုပ်မှု အကာအကွယ်ပေးရေး ဥပဒေအဆိုတစ်ရပ်ကို တင်သွင်းခဲ့ပါတယ်။ ဒ့ါအပြင် ဒီမိုကရေစီကျင့်စဉ်နဲ့မညီတဲ့ ဥပဒေတွေကို ဖျက်သိမ်းဖို့ NDF က ဆောင်ရွက်သွားပါမယ်။ ဒါဟာ ၂၀၁၅ မှာ ဖြစ်တည်လာမယ့် လွတ်လပ်တဲ့ အာဆီယံဈေးကွက်ကြီး (AFTA) နဲ့ လိုက်ဖက်ညီမယ့် စီးပွားရေးဥပဒေပြုရေးကို NDF က ကြိုးပမ်းခဲ့တာ ဖြစ်ပါတယ်။

ဒီမိုကရေစီဆိုတာ လွတ်လပ်မှုကို ဆောင်ယူပေးမယ့် ကိရိယာသာဖြစ်ပြီး ပြည်သူတွေ ပါဝင်ပတ်သက်နိုင်မှု အတိုင်းအတာအလျောက်သာ လွတ်လပ်မှုရဲ့အရသာကို ခံစားရရှိမှာဖြစ်တယ်။ လွတ်လပ်မှုနဲ့ပတ်သက်ပြီးပြောရရင် တရားဥပဒေစိုးမိုးရေးသာရှိပြီး မျှတတဲ့တရားစီရင်ရေးမရှိဘူးဆိုရင် တစ်ဦးချင်းလွတ်လပ်မှုကို ခြိမ်းခြောက်ခံရမှာဖြစ်ပါတယ်။ အလွန်အမင်းဆင်းရဲနေရင်လည်း တစ်ဦးချင်းလွတ်လပ်ခွင့် ဆုံးရှုံးနေမှာပါပဲ။ ဒ့ါအပြင် လူတစ်စုလက်ထဲမှာ ချမ်းသာကြွယ်ဝမှုတွေ စုပြုံရောက်နေရင်လည်း လူများစုလွတ်လပ်ခွင့်ဟာ ခြိမ်းခြောက်ခံနေရဦးမှာပဲဖြစ်ပါတယ်။

ဒါကြောင့် ဆင်းရဲမွဲတေမှု၊ ပညာမတတ်မှု၊ ကျန်းမာရေးချို့တဲ့မှု၊ အလုပ်လက်မဲ့ဖြစ်မှုစတဲ့ လူမှုရေးနာကျင်မှုတွေကို ဖယ်ရှားပြီး တစ်ဦးချင်းလွတ်လပ်မှုကို အာမခံပေးရပါမယ်။ တစ်ဦးချင်းလွတ်လပ်ခွင့်တွေ ပြည့်ဝရင် ဒီမိုကရေစီလူ့ဘောင်ကို အရောက်သွားနိုင်လိမ့်မယ်လို့ခံယူထားတဲ့ ခမောက်ပါတီဟာ လူမှုအခြေပြုလွတ်လပ်ခွင့်ဝါဒ (ဆိုရှယ်လစ်ဘရယ်ဇင်)နဲ့ ဈေးကွက်အခြေခံ ရောပြွမ်းစီးပွားရေးစနစ်ကို ပြည်သူအတွက် ကိုင်စွဲထားတာ ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ ခမောက်ပါတီမှာ ဖြည့်ဆည်းပေးလိုတဲ့ ရပ်တည်ချက် (၄) ရပ်ရှိပါတယ်။ အဲဒါတွေက
- လူမှုရေးနာကျင်မှုတွေကို ပယ်ဖျောက်စေဖို့၊
- လူမှုလွတ်လပ်ခွင့်တွေကို ဆောင်ကြဉ်းပေးဖို့၊
- ပြည်သူတွေ စားဝတ်နေရေးပြေလည်အောင် ဖော်ဆောင်ပေးဖို့၊
- ခွင့်တူညီမျှ ပြည်ထောင်စုဘဝကို ရောက်စေပြီး တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေးကို ဖော်ဆောင်ဖို့၊

ပြည်သူနဲ့ တစ်သားတည်း နိုင်ငံရေးခရီးကို ဆက်မှာဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျား -

ကျွန်တော်တို့ပါတီဟာ အထက်မှာ တင်ပြခဲ့တဲ့ မူကြီး (၅)ချက်နဲ့ ဖြည့်ဆည်းပေးလိုတဲ့ ရပ်တည်ချက် (၄)ရပ်ကို ကိုင်စွဲပြီး ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်သူပေးမယ့် တာဝန်ကိုယူဖို့ ခမောက်ပါတီကိုယ်စားလှယ်လောင်းတွေကို ပြည်သူ့ရှေ့မှောက်စေလွှတ်လိုက်ပါပြီ။

နိုင်ငံရေးခရီးကြမ်းကို လျှောက်လှမ်းခဲ့တဲ့ NDF ဟာ လက်ရှိ လွှတ်တော်တွေထဲမှာလည်း ပြည်သူ့အကျိုးကို ဦးလည်မသုန် ထမ်းရွက်နေပါတယ်။ အဲဒါကြောင့် ပြည်သူ့တစ်မျက်နှာတည်းပဲကြည့်တဲ့ ခမောက်ပါတီ ကိုယ်စားလှယ်တွေဟာ ပြည်သူ့မျက်နှာတစ်ချက်ညိုးတာနဲ့ လွှတ်တော်ထဲမှာ ပေကပ်နေမယ့်လူစားမျိုးတွေ မဟုတ်ဘူးဆိုတာကို ဒီနေရာကနေ ရဲရဲကြီး ကတိပေးရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူအပေါင်း ရွှင်လန်းချမ်းမြေ့ကြပါစေ -

KENBO Junior Golf Championship
ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် ကျင်းပမည်

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ HAN Golf Masters Pte., Ltd. နှင့် Aung Kan Bo Trading Co., Ltd. တို့က အဓိကကူညီပံ့ပိုးသည့် HAN Golf Masters Junior Golf Series, KENBO Junior Golf Championship ပြိုင်ပွဲ၏ စတုတ္ထပွဲစဉ်ကို မတ် ၂၂ ရက်မှ ၂၃ ရက်ထိ ရန်ကုန်မြို့ မြန်မာဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲတွင် သက်တန်းများအနေဖြင့် (၁၀)နှစ်အောက်၊ (၁၁)နှစ်မှ (၁၂)၊ (၁၃) နှစ်မှ (၁၄)နှစ်နှင့် (၁၅)နှစ်မှ (၂၀)အထိ ပြိုင်ပွဲလေးမျိုးခွဲခြားကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို R&A Rules Limited (St. Andrew) ဂေါက်စည်းမျဉ်းများအတိုင်းနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် ပြိုင်ပွဲဝင် စာရင်းပေးသွင်းသည့်အခါ မှတ်ပုံတင်(သို့မဟုတ်) သန်းခေါင်စာရင်းမိတ္တူယူဆောင်လာ၍ မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထား၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့်ရှိ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဖုန်း- ၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄၊ ၀၁-၆၅၁၃၇၄ တို့သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

ကချင်ပြည်နယ် မြို့လှရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် မတ် ၁၂

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ကချင်ပြည်နယ် ဗန်းမော်ခရိုင် မြို့လှမြို့နယ်ခွဲ၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မတ် ၆ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား ၅၀ ဝပ်၊ လှိုင်းနှုန်း UHF Channel J 13 ဖြင့် မတ် ၇ ရက်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၃-၃-၂၀၁၂ (အင်္ဂါနေ့)

၇း၀၅	တရားတော်		**ကျွန်မချစ်သူ (အပိုင်း-၁)**
၈း၁၅	မှတ်တမ်း	၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၄း၂၀	အလွမ်းတေးပန်းချီ ချစ်သူဆီ		- နိုင်ငံရေးပါတီများ ဟောပြောချက်
၄း၃၅	ဇာတ်လမ်းတို		- အမျိုးသားဒီမိုကရေစီ ပါတီသစ်
၄း၅၀	မှတ်တမ်း		-ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ
၅း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး		- ဟာသရုပ်စုံ
၅း၃၀	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၈၈)**		- လျှပ်တစ်ပြက်
၆း၂၅	Guide for You		**- ရသစုံလင် ရုပ်မြင်ဇာတ်လမ်း**
၆း၃၀	အောင်မြင်ခြင်းလမ်းမ		**- တမလွန်မှ ပြောသောစကား (အပိုင်း-၄)**
၇း၀၀	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - သူရဲကောင်းလေး**		- Mini Series

ပြည်သူ့ဒီမိုကရေစီပါတီက
၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၂

ပြည်သူ့ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာသန်းထိုက်ဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

လေးစားအပ်ပါသော ပြည်သူလူထုကြီးခင်ဗျား-

ပထမဦးဆုံးအနေနဲ့ ရုပ်မြင်သံကြားကနေ ကြည့်ရှုနားထောင်နေကြတဲ့ ပြည်သူလူထုကြီးနဲ့တကွ ကျွန်တော်တို့နိုင်ငံရဲ့ သန်းခြောက်ဆယ်ပြည်သူများအားလုံး မလိုလားအပ်သည့် စိုးရွံ့မှုအပေါင်းမှ ကင်းဝေးပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီးအခြေစိုက် ပြည်သူ့ဒီမိုကရေစီပါတီရဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းထိုက်ဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ မူဝါဒများ၊ သဘောထားရပ်တည်ချက်များ၊ နိုင်ငံရေးခံယူချက်များ၊ ဆောင်ရွက်ခဲ့မှုများ၊ လက်ရှိဆောင်ရွက်ဆဲကိစ္စရပ်များ၊ ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ်များနဲ့ ပြည်သူ့အကျိုးစီးပွားကာကွယ်ရေးရည်မှန်းချက်တွေကို ပြည်သူလူထုကြီးထံ တင်ပြလိုပါတယ်ခင်ဗျား။

ပထမဆုံး ကျွန်တော်တို့ပါတီရဲ့ မူဝါဒလမ်းစဉ်များ၊ သဘောထားရပ်တည်ချက်များနဲ့ နိုင်ငံရေးခံယူချက်များကို တင်ပြဖို့အတွက် ပါတီရဲ့ အလံ၊ တံဆိပ်နဲ့ ရွေးကောက်ပွဲဝင် အမှတ်အသားတွေအကြောင်းကို ရှင်းလင်းအသိပေးလိုပါတယ်။ ကျွန်တော်တို့ပါတီရဲ့ အလံကိုကြည့်ရင် အနီရောင်နောက်ခံရဲ့ ဘယ်ဘက်အပေါ်ထောင့်မှာ အပြာရောင်လေးထောင့်ကွက်ရှိပြီး အပြာရောင်လေးထောင့်ကွက်ထဲမှာ အဖြူရောင်ကြယ်ပွင့်ကြီးကို အရွယ်တူကြယ်ဖြူ ငါးလုံးက ဝန်းရံထားပုံကို ရေးဆွဲထားပါတယ်။ အလံရဲ့ ညာဘက်အောက်ခြေမှာတော့ တူတံစဉ်နဲ့ စက်သွားတံဆိပ်ကို အရွယ်တူကြယ်ဖြူ ၁၄လုံးက ဝန်းရံထားပုံကို ရေးဆွဲထားပါတယ်။ အနီရောင်ဟာ ရဲရင့်ခြင်း၊ ပြတ်သားခြင်း၊ အပြာရောင်ဟာ ငြိမ်းချမ်းခြင်းနဲ့ အဖြူရောင်ဟာ သန့်ရှင်းစင်ကြယ်ခြင်းဆိုတဲ့ အဓိပ္ပာယ်ဖော်ဆောင်ပြီး ကြယ်ပွင့်ကြီးကို အရွယ်တူကြယ်ဖြူ ငါးလုံးဝန်းရံထားတဲ့ အဓိပ္ပာယ်ကတော့ ကြယ်ဖြူကြီးက ပြည်ထောင်စုကြီးဖြစ်ပြီး အရွယ်တူကြယ်ဖြူ ငါးလုံးကတော့ အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးလုပ်ငန်းရှင်တွေက ဝန်းရံထားတဲ့ သဘောတရားတွေကို ထင်ဟပ်ထားခြင်းဖြစ်ပါတယ်။ တူတံစဉ်နဲ့ စက်သွားတံဆိပ်ကို အရွယ်တူကြယ်ဖြူ ၁၄လုံးက ဝန်းရံထားတဲ့ အဓိပ္ပာယ်ကတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၄ခုအတွင်းမှာရှိတဲ့ လယ်သမား၊ အလုပ်သမားနဲ့ စက်မှုလုပ်ငန်းတွေမှာ လုပ်ကိုင်နေကြသူများကို အခြေခံပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ်လို့ ရည်ရွယ်ထားခြင်းပဲဖြစ်ပါတယ်။ ဒီတူတံစဉ်နဲ့စက်သွားဟာ လက်ဝဲဝါဒကို ကိုင်စွဲခြင်း မဟုတ်ပါဘူး။ ဒီကနေ့ အရှေ့တောင်အာရှက ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးမှာ စိုက်ပျိုးရေးနဲ့ စက်မှုကဏ္ဍမှာ ဝင်ရောက်လုပ်ကိုင်နေတဲ့ လုပ်သားထုကြီးဟာ ပမာဏကြီးမားစွာ တည်ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကိုကြည့်ရင်လည်း နိုင်ငံ့လူဦးရေ သန်းခြောက်ဆယ်ရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်နေတောင်သူများဖြစ်ကြပါတယ်။ ဒါ့အပြင် နိုင်ငံမှာ အသေးစားနဲ့ အကြီးစားစက်မှုလုပ်ငန်းတွေလည်း တဖြည်းဖြည်း ဖွံ့ဖြိုးလာနေသလို ပြောင်းလဲလာတဲ့ နိုင်ငံရေးအခြေအနေတွေအရ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ မကြာမီကာလအတွင်းမှာ ဝင်ရောက်လာကြတော့မှာဖြစ်ပြီး Mass Production လို့ခေါ်တဲ့ အရှိန်အဟုန်မြင့်ထုတ်လုပ်မှုတွေ လုပ်ဆောင်တော့မှာဖြစ်တဲ့အတွက် စက်မှုကဏ္ဍမှာ ဝင်ရောက်လာမယ့် လုပ်သားထုကြီးရဲ့ ပမာဏကလည်း တိုးတက်လာဦးမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှာ လယ်သမားနဲ့ အလုပ်သမားလူတန်းစားကို အခြေပြုပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်ရမှာ ဖြစ်သလို ဒီလူတန်းစားတွေကို အကာအကွယ်ပေးမယ့် မူဝါဒတွေနဲ့ ဥပဒေတွေလည်း မဖြစ်မနေ လိုအပ်မှာဖြစ်တဲ့အတွက် တူတံစဉ်နဲ့ စက်သွားတံဆိပ်ကို သုံးစွဲထားခြင်းဖြစ်ပါတယ်။

ပြည်သူလူထုကြီးခင်ဗျား-

ဆက်လက်ပြီး ကျွန်တော်တို့ပါတီရဲ့ မူဝါဒများ၊ သဘောထားရပ်တည်ချက်များ၊ နိုင်ငံရေးခံယူချက်များကို ရေရှည်မျှော်မှန်းချက်များ၊ လတ်တလောရည်မှန်းချက်များနဲ့ ရှင်းလင်းတင်ပြပါရစေ။ ကျွန်တော်တို့ပါတီရဲ့ မူဝါဒကတော့ ဒီမိုကရေစီစနစ်ရဲ့ လွတ်လပ်မှုနဲ့ လူမှုဖူလုံရေးတွေ၊ အခြေခံရပိုင်ခွင့်တွေပြည့်စုံမှု တစ်နည်းအားဖြင့် Social Market Economy လို့ခေါ်တဲ့ လူမှုစီးပွားသဟဇာတမျှတတဲ့ လူမှုပတ်ဝန်းကျင်ကို တည်ဆောက်ရေးပဲဖြစ်ပါတယ်။ ဒီကနေ့ကမ္ဘာမှာ အချမ်းသာဆုံး၊ လူနေမှုအမြင့်မားဆုံးနိုင်ငံတွေဖြစ်တဲ့ နော်ဝေး၊ ဆွီဒင်တို့လို စကင်ဒီနေးဗီးယားနိုင်ငံတွေဟာ ဒီမိုကရေစီစနစ်ရဲ့ လွတ်လပ်မှုနဲ့ လူမှုစီးပွားသဟဇာတဖြစ်မှုတွေကို ဟန်ချက်ညီညီ ပေါင်းစပ်ကျင့်သုံးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အနေအထားကို ကြည့်မယ်ဆိုရင်လည်း ယခင်ကစီးပွားရေးမှာ လူတိုင်းနီးပါး မျှတစွာယှဉ်ပြိုင်ခွင့်မရှိခဲ့လို့ လက်ရှိအခြေအနေမှာ ဆင်းရဲချမ်းသာကွာဟမှုတွေ ကြီးမားလျက်ရှိနေပါတယ်။ အကယ်၍များ ဒီမိုကရေစီစနစ်ကို အကြောင်းပြုပြီး Liberalization နဲ့ Free Market ဆိုတာတွေကို ကြိုးဖြေလွှတ်လိုက်မယ်ဆိုတာနဲ့ ငွေများရာ ငွေလာဆိုသလို ချမ်းသာသူက ပိုပြီးချမ်းသာ၊ ဆင်းရဲသူက ချောင်လည်တဲ့အဆင့်မှာသာရှိနိုင်တော့မှာဖြစ်ပြီး အကယ်၍များ ဒီလိုခေတ်ပြောင်းစနစ်ပြောင်းရဲ့အစ ကာလမှာသာ အခြေခံလူတန်းစားတွေရဲ့ အကျိုးစီးပွားတွေ၊ အခြေခံရပိုင်ခွင့်တွေကို အကာအကွယ်ပေးမယ့် ဥပဒေတွေ မရှိခဲ့ရင် အနာဂတ်မှာ လူမှုရေးမညီမျှမှုတွေနဲ့ တရားဝင်ခေါင်းပုံဖြတ်မှုတွေ ဖြစ်ပေါ်လာမှာပဲဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ နိုင်ငံရဲ့ ပွင့်လင်းလာတဲ့ အခြေအနေအရ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေလည်း တောက်လျှောက်စီးဝင်လာတော့မှာဖြစ်တဲ့အတွက် လယ်သမား၊ အလုပ်သမားလူတန်းစားနဲ့ ပြည်တွင်းက အသေးစားနဲ့ အလတ်စားလုပ်ငန်းငယ်လေးတွေ၊ စွန့်ဦးတီထွင်လုပ်ငန်းတွေရဲ့ အကျိုးစီးပွားတွေကို ကာကွယ်ပေးမယ့် ဥပဒေတွေကို အခုအချိန်ကတည်းက ပြင်ဆင်ထားရတော့မှာဖြစ်ပါတယ်။ အနာဂတ်မှာ လူမှုရေးမညီမျှမှုတွေ မဖြစ်ပေါ်ရအောင် အခြေခံအခွင့်အရေးဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး၊ အလုပ်သမားဆိုင်ရာ အခွင့်အရေးတွေနဲ့ အနည်းဆုံးလုပ်ခလစာစတဲ့ ဥပဒေတွေ ခိုင်ခိုင်မာမာရေးဆွဲထားဖို့ လိုအပ်ပြီး ဒီလိုလူမှုစီးပွားသဟဇာတဖြစ်တဲ့ အခြေအနေတစ်ရပ်ကို ခံစားကြတဲ့အခါမှာလည်း တိုင်းရင်းသား၊ လူမျိုးဘာသာမရွေး နိုင်ငံသားအားလုံးပါဝင်ခံစားနိုင်ဖို့ လိုအပ်လှပါတယ်။ ဒါ့အပြင် အနာဂတ်မှာလည်း တိုင်းရင်းသားနိုင်ငံသား လူမျိုးပေါင်းစုံပါဝင်တဲ့ တစ်ခုတည်းသော တပ်မတော်ကြီးနဲ့ တန်းတူရည်တူရှိတဲ့ အချုပ်အခြာပိုင် ပြည်ထောင်စုကြီး ပီပီပြင်ပြင်ပေါ်ထွန်းလာဖို့ဆိုတာတွေဟာ ကျွန်တော်တို့ပါတီရဲ့ မူဝါဒသဘောထားရပ်တည်ချက်နဲ့ နိုင်ငံရေးခံယူချက်များပဲဖြစ်ပါတယ်။

ပြည်သူလူထုကြီးခင်ဗျား-

အထက်မှာ ကျွန်တော်တင်ပြခဲ့တဲ့ ပါတီရဲ့ မူဝါဒသဘောထားရပ်တည်ချက်နဲ့ နိုင်ငံရေးခံယူချက်တွေဟာ ရေရှည်သဘောကိုဆောင်ပြီး လူမှုစီးပွားသဟဇာတဖြစ်တဲ့ လူမှုပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာဖို့ဆိုတာ အစိုးရနဲ့ လွှတ်တော်များအပါအဝင် ပြည်သူတွေ ကိုယ်တိုင်ကိုယ်ကျ ပါဝင်မှုနဲ့ အချိန်ယူတည်ဆောက်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် အထက်မှာ ကျွန်တော်တင်ပြခဲ့တာတွေက ပါတီရဲ့ ရေရှည်ရည်မှန်းချက်များလို့ ဆိုရမှာဖြစ်ပါတယ်။

ပြည်သူလူထုကြီးခင်ဗျား-

ကျွန်တော်တို့ပါတီရဲ့ လတ်တလောရည်မှန်းချက်များနဲ့ လုပ်ငန်းစဉ်များ လုပ်ဆောင်နေမှုများကိုလည်း တင်ပြပါရစေ။ လက်ရှိအခြေအနေကိုကြည့်ရင် ကျွန်တော်တို့ နိုင်ငံဟာ ဒီမိုကရေစီပြည့်ဝတဲ့ နိုင်ငံဆိုတဲ့အဆင့်ကို မရောက်သေးဘဲ Political Transition လို့ခေါ်တဲ့ နိုင်ငံရေးအရ အသွင်ကူးပြောင်းမှုကာလတစ်ခုကို ဖြတ်သန်းနေရဆဲအဆင့်မှာသာ ရှိနေပါသေးတယ်။ ဒီလိုကာလမျိုးဟာ အင်မတန်မှ နက်နဲသိမ်မွေ့ပြီး အသွင်ကူးပြောင်းစမှာ ဖြစ်ပေါ်တတ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေရဲ့ လှုပ်ခတ်မှုဒဏ်ကို တိုက်ရိုက်ခံစားရမှာကတော့ ပြည်သူလူထုကြီးပဲဖြစ်ပါတယ်။ ခေတ်ပြောင်းစနစ်ပြောင်းကို စတင်စဖြစ်တဲ့အတွက် မူဝါဒပိုင်းဆိုင်ရာ အကောင်အထည်ဖော်မှုတွေဟာ အောက်ခြေအုပ်ချုပ်ရေးအဆင့်များအထိ သက်ရောက်မှုမရှိခြင်း၊ ပြောင်းလဲသွားတဲ့ စနစ်နဲ့အညီ လိုက်ပါဆောင်ရွက်ခြင်းမပြုနိုင်ခြင်း၊ စနစ်သစ်နဲ့ မယဉ်ပါးသေးတဲ့ အခြေခံလူတန်းစားပြည်သူလူထုကြီးအပေါ်မှာ ကိုယ်ကျိုးစီးပွားနဲ့အတ္တကို အခြေခံတဲ့ အောက်ခြေအဆင့်အုပ်ချုပ်ရေးများနဲ့ ဓနရှင်များရဲ့ဥပဒေကို လက်တစ်လုံးခြားအသုံးချဖိနှိပ်မှုတွေရှိနေခြင်းစတဲ့ ကိစ္စရပ်တွေဟာ အသွင်ကူးပြောင်းစနိုင်ငံတိုင်း ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေဖြစ်ပြီး ဒီလိုလှုပ်ခတ်မှုဒဏ်တွေကို အဓိကခံစားရတာကတော့ အခြေခံလူတန်းစားတွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အပြောင်းအလဲကို ကြည့်ရင်လည်း နိုင်ငံတော်ရဲ့ အမြင့်ဆုံးအင်စတီကျူးရှင်းကြီးများဖြစ်တဲ့ အစိုးရအဖွဲ့နဲ့ လွှတ်တော်များဟာ ခေတ်ပြောင်းစနစ်ပြောင်းကို အားသွန်ခွန်စိုက် တိတိကျကျဖော်ဆောင်နေပေမယ့် အောက်ခြေအဆင့်အုပ်ချုပ်ရေးများအထိ သက်ရောက်မှုမရှိနိုင်သေးတာကို တွေ့ရပါတယ်။ ဒါ့အပြင် အောက်ခြေအဆင့် အုပ်ချုပ်ရေးပိုင်းတွေရဲ့ လိုက်နာမှု အားနည်းတာ၊ တမင်သက်သက် လျစ်လျူရှုတာ၊ စနစ်အသစ်ကို ကျေညက်မှုမရှိတဲ့အတွက် အဟောင်းတွေကိုပဲ ဆက်လက်ကျင့်သုံးလိုတာဆိုတဲ့ ပြဿနာတွေရှိနေတာကိုတွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ တင်ပြရရင် ကျွန်တော်တို့ပါတီအခြေစိုက်တဲ့ မန္တလေးမြို့က ပြည်သူလူထုတွေ ခေတ်ပြောင်းစနစ်ပြောင်းရဲ့ ရိုက်ခတ်မှုအတွင်းမှာ ခံစားနေရတဲ့ ပြဿနာတွေကို တင်ပြလိုပါတယ်။ ကျွန်တော်တို့ပါတီဟာ ၂၀၁၀ ရွေးကောက်ပွဲအပြီးမှာ တည်ထောင်ခဲ့ရတာဖြစ်လို့ ပါတီတည်ထောင်ပြီးချိန်ကတည်းက လွှတ်တော်ပြင်ပ နိုင်ငံရေးကိုသာ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ အများဆုံးဆောင်ရွက်ပေးနေရတဲ့ ကိစ္စတွေကတော့ ကိုယ်ကျိုးစီးပွားအတ္တကို အခြေခံတဲ့ ဓနရှင်များနဲ့ အောက်ခြေအဆင့်က အာဏာပိုင်အချို့ပူးပေါင်းပြီး မသိနားမလည်တဲ့ အခြေခံလူတန်းစားတွေရဲ့ မြေယာတွေကို ဥပဒေမဲ့ သိမ်းယူခြင်း၊ နေအိမ်တွေကနေ ဖယ်ရှားခြင်း၊ အချို့နေရာတွေမှာ ကိုယ်ထိလက်ရောက် ညှဉ်းပန်းခြင်းစတဲ့ ကိစ္စရပ်တွေကို နစ်နာတဲ့ အခြေခံလူတန်းစားတွေဘက်ကနေ လိုက်ပါဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ပါတီဟာ လွှတ်တော်ပြင်ပမှာ ရှိနေသည့်တိုင် ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ Check and Balance ဆိုတဲ့ အပြန်အလှန်ထိန်းကျောင်းမှုတွေ အားကောင်းမောင်းသန်ဖြစ်ဖို့အတွက် ပါတီကို ဆက်သွယ်လာတဲ့ ပြည်သူတွေရဲ့ အထွေထွေနစ်နာမှုတွေကို နိုင်ငံတော်သမ္မတကြီးနဲ့ လွှတ်တော်အဆင့်ဆင့်၊ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများထံ ဥပဒေအထောက်အထား အပြည့်အစုံနဲ့ တင်ပြတိုင်ကြားပေးလျက်ရှိနေပါတယ်။ ဒီလိုတိုင်ကြားနိုင်ခဲ့လို့လည်း အောက်ခြေအဆင့်မှာ ပြည်သူလူထုကို ညှဉ်းပန်းနှိပ်စက်တဲ့ အုပ်ချုပ်ရေးပိုင်းတွေကို ဥပဒေနဲ့အညီ တရားစွဲဆိုနိုင်ခဲ့ပါတယ်။ နောက်ထပ် ကြုံတွေ့နေရတဲ့ အခက်အခဲတွေကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်ဘဲ ဥပဒေမဲ့ကောက်ခံနေတဲ့ အခွန်အခများနဲ့ ဥပဒေကို ကျော်လွန်လုပ်ဆောင်နေတဲ့ မမျှတတဲ့ ပြစ်ဒဏ်တွေပဲ ဖြစ်ပါတယ်။ ဥပမာပြရမယ်ဆိုရင် ယာဉ်စည်းကမ်းဆိုင်ရာ ပြစ်ဒဏ်တစ်ခုအတွက် ဌာနဆိုင်ရာသုံးခုလောက်ကို ဒဏ်ငွေပေးဆောင်ရသလို၊ အခြေခံလူတန်းစားတစ်ဦး လမ်းဘေးမှာ ဈေးရောင်းဖို့ ဌာနဆိုင်ရာ သုံးလေးခုလောက်ကို အခွန်အခတွေ ဥပဒေမဲ့ပေးဆောင်နေကြရပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်ဘဲ ဥပဒေမဲ့အခွန်အခတွေ ကောက်ခံနေတဲ့ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးဆိုတဲ့ (မ. ထ. သ) အဖွဲ့ကို ဖျက်သိမ်းပေးဖို့ နိုင်ငံတော်သမ္မတကြီးနဲ့ လွှတ်တော်အဆင့်ဆင့်ကို တင်ပြအရေးဆိုခဲ့အပြီးမှာ မန္တလေး မ. ထ. သ အဖွဲ့အစည်းကို ယနေ့အချိန်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖျက်သိမ်းခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးလည်း အလားတူ ဥပဒေမဲ့အခွန်အခများ ကောက်ခံနေမှုတွေကို ပါတီအနေနဲ့ စောင့်ကြည့်လေ့လာလျက်ရှိနေပါတယ်။ အခုလက်ရှိ လုပ်ငန်းစဉ်တွေထဲက အခြေခံလူတန်းစားကို ညှဉ်းပန်းနေတဲ့ဖြစ်စဉ်တစ်ခုကို ပြောရရင် ဥပဒေရဲ့ သိမ်မွေ့မှုနဲ့ လစ်ဟာမှုအချို့ကို အသုံးချပြီး အစိုးရအရာရှိဟောင်းကြီးများ၊ ကိုယ်ကျိုးစီးပွားအတ္တ အခြေခံနေရှင်များဟာ ကိုယ်ကျိုးရှာဌာနအချို့၊ ဝန်ထမ်းအချို့နဲ့ ပူးပေါင်းပြီး ရိုးသားစွာ လုပ်ကိုင်စားသောက်နေတဲ့ အခြေခံလူတန်းစားတောင်သူတွေရဲ့ လယ်မြေ ဧက ၈၀ ကျော်ကို အသိပေးကြေညာခြင်းမရှိ ဥပဒေမဲ့ သိမ်းယူထားတဲ့ ဖြစ်စဉ်တစ်ခုကို တင်ပြလိုပါတယ်။ ဒီလိုဥပဒေမဲ့မြေယာတွေ သိမ်းယူမှုကြောင့် နစ်နာသွားတဲ့ ပြည်သူတွေက ပါတီကို ယုံယုံကြည်ကြည်နဲ့ လွှဲအပ်

အကူအညီ တောင်းလာတာကြောင့် ပါတီအနေနဲ့ လိုအပ်တဲ့ ဥပဒေအထောက်အထားအချက်အလက်တွေ စုဆောင်းပြီး နိုင်ငံတော်သမ္မတကြီးနဲ့ လွှတ်တော်အဆင့်ဆင့်နဲ့ ကော်မတီများ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများအထိ အရေးဆိုတင်ပြနိုင်ရန် ကြိုးပမ်းလျက်ရှိပါတယ်။

ပြည်သူလူထုကြီးခင်ဗျား-

ကျွန်တော်တင်ပြခဲ့တဲ့ လတ်တလောဖြစ်စဉ်များနဲ့ အလားတူ ဖြစ်စဉ်များလည်း များစွာကျန်ရှိနေပါသေးတယ်။ ကျွန်တော်တို့ပါတီဟာ မန္တလေးတိုင်းဒေသကြီးမှာ အခြေစိုက်တဲ့အတွက် မန္တလေးက ပြည်သူလူထုကြီး ဘယ်လိုခံစားနေရတယ်ဆိုတာ သိသလို ကျွန်တော်တို့ပါတီအခြေစိုက်ရာ ဒေသတွေက ပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများကလည်း သူတို့ရဲ့ သက်ဆိုင်ရာပြည်သူတွေရဲ့ အခက်အခဲတွေကို ကောင်းစွာသဘောပေါက်နားလည်ထားကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်တိုင်းဟာ ပါတီအခြေစိုက်ရာဒေသတွေက ပြည်သူတွေရဲ့ အခက်အခဲတွေကို လက်တွေ့ကျကျသိမြင်ပြီး ဖြေရှင်းနိုင်မယ့် နည်းလမ်းများကိုလည်း ဆောင်ရွက်နေတာကို ပြည်သူလူထုကြီးထံ လေးစားစွာ တင်ပြလိုပါတယ်။

ပြည်သူလူထုကြီးခင်ဗျား-

ကျွန်တော်တို့ပါတီရဲ့ ရေရှည်နဲ့ လတ်တလောရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များနဲ့ နိုင်ငံရေး ခံယူချက်များ၊ ပြည်သူ့အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို လက်ရှိအခြေအနေမှာ လွှတ်တော်ပြင်ပ နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ ဆောင်ရွက်နေရတာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရဖြစ်တဲ့ Check and Balance ဆိုတဲ့ အပြန်အလှန်ထိန်းကျောင်းမှုတွေ ပီပြင်ဖို့၊ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ လွှတ်တော်ထဲ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ နိုင်ငံရေးပါတီရဲ့ တာဝန်တစ်ရပ်ကို ကျေပွန်အောင်ဆောင်ရွက်နေမှာပဲ ဖြစ်ပါတယ်။ သို့သော် လက်ရှိအသွင်ကူးပြောင်းမှုကာလမှာ ပြည်သူတွေ အထူးသဖြင့် အခြေခံလူတန်းစားပြည်သူလူထုကြီး ခံစားနေရတဲ့ အခက်အခဲတွေကို ဖြေရှင်းတဲ့အခါမှာ လွှတ်တော်ပြင်ပကနေ ဖြေရှင်းတာထက် လွှတ်တော်တွင်းကနေ ဖြေရှင်းတာက ပိုပြီးထိထိရောက်ရောက်ရှိပါတယ်။ ပြည်သူတွေ ကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာတွေအတွက် Rule of Law လို့ခေါ်တဲ့ စည်းကမ်းဥပဒေတွေ အသက်ဝင်လာဖို့၊ ပြည်သူလူထုကြီးရဲ့ အထွေထွေနစ်နာမှုတွေ၊ အခွင့်အရေးဆုံးရှုံးနေမှုတွေကို လွှတ်တော်တွေမှာ တင်ပြဆွေးနွေးပြီး အဲ့ဒီလို နစ်နာမှုတွေ၊ ဆုံးရှုံးမှုတွေမရှိအောင် အကာအကွယ်ပေးမယ့် ဥပဒေတွေ တိတိကျကျ ထွက်ပေါ်လာဖို့ လွှတ်တော်မှာ ဥပဒေကြမ်းတွေ တင်သွင်းပြီး ဆွေးနွေးတင်ပြရမှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတင်ပြနိုင်ဖို့အတွက် ကျွန်တော်တို့ပြည်သူ့ဒီမိုကရေစီပါတီဝင်တွေဟာ လွှတ်တော်ထဲကို ရောက်ရှိဖို့လိုအပ်ပါတယ်။ လွှတ်တော်ထဲကို ရောက်ဖို့ဆိုတာ ကျွန်တော်တို့ သွားချင်တိုင်းသွားလို့မရသလို ဘယ်အာဏာပိုင်ပုဂ္ဂိုလ်ကမှလည်း ဆွဲခေါ်လို့မရပါဘူး။ ကျွန်တော်တို့ပါတီဝင်တွေ လွှတ်တော်ထဲ ရောက်သွားဖို့အတွက် နိုင်ငံတော်အာဏာရဲ့ မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူလူထုကြီးက ခွင့်ပြုမှသာ ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ကို လွှတ်တော်ထဲမှာ ပြည်သူလူထုကြီးကိုယ်စား အရေးဆိုခွင့်၊ တင်ပြခွင့်တွေကို လွှဲအပ်ပြီး ကျွန်တော်တို့ပါတီကို ဆန္ဒမဲပေးမှသာလျှင် ကျွန်တော်တို့ပါတီက လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူလူထုကြီးရဲ့ အကျိုးစီးပွားအတွက် လွှတ်တော်မှာ တင်ပြတောင်းဆိုနိုင်မှာ၊ ဥပဒေကြမ်းတွေ တင်သွင်းနိုင်မှာပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီဝင်တွေ လွှတ်တော်ထဲမှာ ရောက်ရှိဖို့အတွက် ပြည်သူလူထုကြီးကို မေတ္တာရပ်ခံလိုတာကတော့

- ကျွန်တော်တို့ကို ပြည်သူလူထုကြီးရဲ့ အထွေထွေအကျိုးစီးပွားကာကွယ်ခွင့်တွေ ယုံယုံကြည်ကြည်လွှဲအပ်ပါ။ ကျွန်တော်တို့ပါတီဝင်တွေကို လွှတ်တော်ထဲကို ပို့ဆောင်ပေးကြပါ။
- ပြည်သူလူထုကြီး ဘာတွေခံစားနေရတယ်ဆိုတာကို ကျွန်တော်တို့သိပါတယ်။ ဘာဖြစ်ချင်တယ်ဆိုတာလည်း ကျွန်တော်တို့ပါတီကသိပါတယ်။ ဘယ်လိုလုပ်ဆောင်ရမလဲဆိုတဲ့ နည်းလမ်းတွေကိုလည်း ရှာဖွေထားပြီးဖြစ်ပါတယ်။
- ကျွန်တော်တို့ပါတီဝင်တွေဟာ ပြည်သူလူထုကြီး ပို့ဆောင်ပေးမယ့် လွှတ်တော်ထဲကို ထိုင်နေရုံ၊ လက်ညှိုးထောင် ခေါင်းညိတ်ရုံသွားကြမှာ မဟုတ်ပါဘူး။ ပြည်သူလူထုကြီးရဲ့ ဆန္ဒတွေနဲ့ အသံတွေကို ပြည်သူလူထုကြီး ကိုယ်စားပြောကြားဖို့ သွားကြမှာပါ။ ပြည်သူလူထုကြီးရဲ့အကျိုးစီးပွားကို အကာအကွယ်ပေးမယ့် ဥပဒေကြမ်းတွေကို တင်သွင်းဖို့ ယူဆောင်သွားကြမှာပါလို့ ကတိပြုလိုပါတယ်။
- ပြည်သူလူထုကြီး အထူးသဖြင့် လယ်သမား၊ အလုပ်သမားလူတန်းစားနဲ့ အခြေခံလူတန်းစားတွေရဲ့ အထွေထွေနစ်နာမှုတွေကို လွှတ်တော်မှာတင်ပြနိုင်ဖို့၊ ပြည်သူလူထုကြီးရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့၊ လူမှုစီးပွားသဟဇာတမျှတဲ့ လူမှုအဖွဲ့အစည်းတစ်ရပ်တည်ဆောက်ဖို့ ကျွန်တော်တို့ကို ခိုင်းပါ၊ ကျွန်တော်တို့ပါတီကို ယုံယုံကြည်ကြည် ခိုင်းပါ။ တူတံစဉ်၊ စက်သွားတံဆိပ်နဲ့ ပြည်သူ့ဒီမိုကရေစီပါတီကို မဲပေးကြပါလို့ မေတ္တာရပ်ခံတိုက်တွန်းရင်း နိဂုံးချုပ်ပါရစေခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၂

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ လွှတ်တော်ဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၃-၃-၂၀၁၂ (အင်္ဂါနေ့)

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၈း၂၀	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၂၅	"ဝက်သက်ရောဂါကာကွယ်ပါ"
၈း၃၀	(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၄း၃၀	"ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ"
၄း၄၀	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄း၅၅	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၁၅	"ခေတ်မီဒီမိုကရေစီ နိုင်ငံတော်သစ်အတွက် ပြုပြင်ပြောင်းလဲမှုများ" (အပိုင်း-၂)
၆း၂၀	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅	"ချင်းတွင်းအနောက် ခရီးတစ်ခေါက်" (အပိုင်း-၂)
၆း၅၅	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၁၂)**
၇း၅၀	"ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် -"ချိုမြိန်ရသာ မုန့်ကမ္ဘာ" **-အိန္ဒိယရုပ်ရှင် "မေတ္တာသည်သာ" (ဇာတ်သိမ်း)**

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ဒုတိယဝန်ကြီးဦးအေးကြူ၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကြီးကြပ်ရေးမှူးနှင့်လက်ထောက်ကြီးကြပ်ရေးမှူးများအား တွေ့ဆုံကာ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုသူများ စနစ်တကျဖြင့် စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး၊ ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြား၍ စာမေးပွဲလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စာဖြေခန်းအသီးသီး၌ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနသို့သွားရောက်ပြီး စာဖြေခန်းအသီးသီး၌ ဖြေဆိုနေမှုများ၊ စာမေးပွဲလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထို့နောက် မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အလားတူ အမှတ်(၃) အခြေခံပညာဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်သည် ယနေ့ နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းစာစစ်ဌာန၊ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနနှင့် ရန်ကုန်ဆေးရုံကြီးစာစစ်ဌာနများသို့ သွားရောက်ပြီး ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ ဆောင်ရွက်ထားရှိမှုများနှင့် စာဖြေခန်းအသီးသီး၌ စိတ်အေးချမ်းမြေ့စွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးခဲ့သည်။

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာန ၁၂၅၁ခု၊ နိုင်ငံခြား စာစစ်ဌာန ၁၇ ခု စုစုပေါင်း စာစစ်ဌာန ၁၂၆၈ ခုတို့၌ ယနေ့မှစ၍ တစ်ပြိုင်နက်တည်း စတင်ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အီလက်ထရွန်နစ် ရုံးလုပ်ငန်းစီမံခန့်ခွဲမှုစနစ်သင်တန်းနှင့် ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုစနစ်သင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် မတ် ၁၂

အီလက်ထရွန်နစ် ရုံးလုပ်ငန်းစီမံခန့်ခွဲမှုစနစ်သင်တန်းနှင့် ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုစနစ်သင်တန်း အမှတ်စဉ် (၁/၂၀၁၂) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်**(ယာပုံ)**က အမှာစကားပြောကြားရာတွင် ယနေ့စတင်ဖွင့်လှစ်သော သင်တန်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ E-GOVERNMENT လုပ်ငန်းစဉ်များဖြစ်သည့် အီလက်ထရွန်နစ် ရုံးလုပ်ငန်းစီမံခန့်ခွဲမှုစနစ်နှင့် ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုစနစ်များကို ယခုထက်ပိုမို အရှိန်အဟုန်မြင့်တင် ဆောင်ရွက်နိုင်ခြင်းဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်လာရေး အထောက်အကူဖြစ်စေရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဖွင့်လှစ်ပို့ချရခြင်း ဖြစ်ကြောင်း။

E-GOVERNMENT သည် အစိုးရဌာနဆိုင်ရာများ၏ စီမံခန့်ခွဲအုပ်ချုပ်မှု ယန္တရားများကို ပိုမိုထိရောက်အောင် စွမ်းဆောင်ရည်ရှိရှိ ဆောင်ရွက်နိုင်ရန် အထောက်အကူပြုသည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း။

E-GOVERNMENT ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် အပြန်အလှန် အမှီသဟဲပြုနေသဖြင့် မိမိတို့အနေဖြင့် E-GOVERNMENT လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းပါဝင်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်လိုအပ်ကြောင်း။

နိုင်ငံတော်မှ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသော E-GOVERNMENT လုပ်ငန်းစဉ်ကြီး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အထောက်အကူပြုနိုင်စေမည့် အီလက်ထရွန်နစ်ရုံးလုပ်ငန်းစီမံခန့်ခွဲမှုစနစ် သင်တန်းနှင့် ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုစနစ်သင်တန်းတွင် မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားလေ့လာသင်ယူကြပြီး ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်သော အရည်အချင်းမီကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ရန်လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ - အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ မူဆယ်မြို့၌ သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် မတ် ၁၂

မတ် ၁၀ရက် ညနေပိုင်းတွင် မူဆယ်မြို့ ရွှေလီရတနာရိပ်သာခန်းမ၌ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့-အဖွဲ့ခေါင်းဆောင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ အဖွဲ့ဝင်များဖြစ်ကြသော ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းတို့က ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ကချင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ KIO တို့ငြိမ်းချမ်းရေးရရှိရေး တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပရာ**(ဝဲပုံ)** Yangon Times၊ Monitor၊ လျှပ်တစ်ပြက်၊ Northern Star၊ Naypyitaw Times၊ မော်ဒန်၊ ကုမုဒြာ၊ နန်းမြင့်၊ မန်းတောင်ရိပ်၊ The Voice၊ ဧရာဝတီ၊ Express Times၊ သတင်းဌာနများနှင့် SKY NET ရုပ်သံလိုင်းတို့မှ တာဝန်ခံများ၊ အယ်ဒီတာချုပ်များနှင့် သတင်းထောက်များတက်ရောက်ခဲ့ကြပြီး သတင်းမီဒီယာအဖွဲ့များ၏ မေးမြန်းချက်များကို အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာနှင့် နည်းပညာများ တိုးတက်မြင့်မားလာစေရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် တက္ကသိုလ်များ

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ကျောင်းသား ကျောင်းသူများ အဆင့်မြင့်နည်းပညာများ သင်ကြားနိုင်ရေးအတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ်(မကွေး)(အပေါ်ပုံ)နှင့် အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်ရေးအတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော မကွေးတက္ကသိုလ်(ဝဲပုံ)ကို တွေ့ရစဉ်။

မကွေးတိုင်းဒေသကြီးအတွင်း ဒေသခံလူငယ်များ အဆင့်မြင့်ကွန်ပျူတာပညာရပ်များ သင်ယူတတ်မြောက်စေရန်အတွက် ပခုက္ကူမြို့တွင် ဖွင့်လှစ်ပေးထားသော ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)(အပေါ်ပုံ)နှင့် အဆင့်မြင့်နည်းပညာများကို ဒေသအတွင်း၌ပင် သင်ကြားနိုင်ရန်အတွက် ပခုက္ကူမြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ်(ပခုက္ကူ)(အောက်ပုံ)ကို တွေ့ရစဉ်။

* မကွေးတိုင်းဒေသကြီးအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်က အဆင့်မြင့်ပညာ၊ နည်းပညာများကို ဒေသအတွင်း၌ပင် သင်ကြားနိုင်ရေးအတွက် အခြေခံအဆောက်အအုံတက္ကသိုလ်များအား တည်ဆောက်ဖွင့်လှစ်ပေးထားသည်။
* ယခုအခါ မကွေးတိုင်းဒေသကြီးအတွင်းရှိ အဓိကမြို့ကြီးများဖြစ်သော မကွေးမြို့နှင့် ပခုက္ကူမြို့တို့တွင် တက္ကသိုလ်တစ်ခုစီ၊ နည်းပညာတက္ကသိုလ်တစ်ခုစီနှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ ဖွင့်လှစ်ပေးထားရာ တိုင်းဒေသကြီးတစ်ခုအတွင်းမှာပင် အဆင့်မြင့်နှင့် နည်းပညာဆိုင်ရာ တက္ကသိုလ်ကြီးခြောက်ခုအထိ ရှိလာသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

❖ ပြည်သူ့လွှတ်တော်မှ

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအပြင် အခြားဌာနများကလည်း ပူးပေါင်းစိစစ်ဖော်ထုတ်ပြီး အထက်ဌာနအဆင့်ဆင့်၏ ခွင့်ပြုချက်မပါရှိက ချင်းပြည်နယ်အတွင်းမှ ချက်ချင်းပြန်လည်ထွက်ခွာသွားစေရန်နှင့် Social Visa ဖြင့် ချင်းပြည်နယ်အတွင်းသို့ ဝင်ရောက်လာမှုအား သီးခြားညွှန်ကြားချက်ထုတ်ပြန်ထားခြင်းမရှိ၍ ဝင်ရောက်လာမှုရှိပါက ပြန်လည်ထွက်ခွာသွားစေရန် ချင်းပြည်နယ်အစိုးရအဖွဲ့က ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း။

ယခုအခါ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးစဉ်စတင် တင်ပြချိန်မှ ခရီးစဉ်ခွင့်ပြုမိန့်ရရှိချိန်အထိ ရက်ပိုင်းအတွင်းခွင့်ပြုမိန့်ရရှိရေး တည်ဆဲဥပဒေများနှင့်အညီ ကြိုးစားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၎င်းအပြင် မူဆယ်၊ တာချီလိတ်၊ ကော့သောင်းနယ်စပ်ဝင်ထွက်ပေါက်များရှိ ရုံးခွဲများတွင် E-mail, Internet များတပ်ဆင်လျက် အချိန်တိုအတွင်း ခရီးစဉ်ခွင့်ပြုမိန့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ထောင်စုအစိုးရသစ်၏ ပြောင်းလဲလာသော မူဝါဒများနှင့်အညီ မကြာမီကာလအတွင်း ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံအတွင်း လည်ပတ်မည့် ကန့်သတ်ခရီးစဉ်များနှင့် ပတ်သက်၍ ကန့်သတ်ချက်များအား ဖြေလျှော့ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **ကျန်းမာရေးဝန်ကြီးဌာနက တရားဝင်ခွင့်ပြုထားသည့် ပုဂ္ဂလိကအထူးကုဆေးရုံ၊ ဆေးခန်းများ၏ဆေးကုသမှု စွမ်းရည်တိုးတက်မြင့်မားလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်အညီ မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်၊ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများက အစိတ်အပိုင်းတစ်ရပ်အဖြစ် စနစ်တကျပါဝင်ဆောင်ရွက်နိုင်စေရန်၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးပြုနိုင်စေရန်၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တည်ထောင် ဖွင့်လှစ်ခြင်းအားဖြင့် ပြည်သူများက မိမိတို့၏ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် စိတ်ကြိုက်ရွေးချယ်ခွင့်ရရှိစေရန်၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများက ပြည်သူများအတွက် မျှတသောစရိတ်ဖြင့် အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှု ပေးနိုင်စေရန်နှင့် တာဝန်ခံမှုရှိစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေအား ပြဋ္ဌာန်းကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ စနစ်တကျ တိုးတက်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပုဂ္ဂလိကဆေးရုံများတွင် အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်မည့် တာဝန်ကျဆရာဝန်/အထူးကု ဆရာဝန်များအား တိုးတက်ခန့်ထားရေးကို တွန်းအားပေးမှာကြားဆောင်ရွက်လျက်ရှိပါကြောင်း၊ သူနာပြုများ၏ သူနာပြုစုမှုအရည်အသွေးတိုးတက် လာစေရန်အတွက်လည်း ပုဂ္ဂလိကဆေးရုံများ၌ ဒီပလိုမာ/ ဘွဲ့ရ သူနာပြုများသာ တာဝန်ချထားဆောင်ရွက်ရန်၊ သူနာပြုများအစား အကူသူနာပြုများအား သူနာပြုအဆင့်တာဝန်ပေးခြင်းမပြုရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

တစ်ဖက်တွင်လည်း ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလုပ်ကိုင်သူများ စည်းလုံးညီညွတ်စွာဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် အထောက်အကူဖြစ်စေရန်၊ ရည်ရွယ်ချက်တူ လုပ်ကိုင်သူများအချင်းချင်း တစ်ဦး၏ အားသာချက်/အားနည်းချက်များရှိပါက ထောက်မကူညီပေးသွားနိုင်စေရန်အတွက် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းရှင်များအသင်းဖွဲ့စည်းသွားရန် ကျန်းမာရေးဝန်ကြီးဌာနက အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း ဖွဲ့စည်းနိုင်ရေးအတွက် အထွေထွေမျက်နှာစုံညီ အစည်းအဝေးကို ၂-၃-၂၀၁၂ ရက်တွင်ကျင်းပနိုင်ခဲ့ပြီး အသင်းအနေဖြင့် ဆက်လက်လိုက်နာလုပ်ဆောင်ရန်အချက်များအား ကျန်းမာရေးဝန်ကြီးဌာနက မှာကြားထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် ဖော်ပြပါအတိုင်း လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည်များရှိသကဲ့သို့ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အခြားလိုအပ်မည့်အချက်များအား ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း ရေးဆွဲသည့်အခါ ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါကြောင်းဖြင့်ပြန်လည်ဖြေကြားသည်။

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **အင်္ဂလိပ်စာ ကျွမ်းကျင်ပိုင်နိုင်စွာ လေ့လာနိုင်ရေးအတွက် သက်ဆိုင်ရာပညာရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်သွားရန်နှင့် မည်ကဲ့သို့အစီအမံများ ဆောင်ရွက်သွားရန်အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သချာ်စွမ်းရည်ပြိုင်ပွဲများကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစ၍ နှစ်စဉ်ကျင်းပပေးလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ ကျောင်းအလိုက် ရက်သတ္တတစ်ပတ်လျှင် နေ့တစ်နေ့ကို အင်္ဂလိပ်စကားပြောနေ့အဖြစ်သတ်မှတ်၍ ကျောင်းဝင်းအတွင်း အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုလေ့ကျင့်ပေးနိုင်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အင်္ဂလိပ်စာ စွမ်းရည်မြင့်မားတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ဆက်သွယ်၍ အင်္ဂလိပ်စာကို မိခင်ဘာသာအဖြစ် အသုံးပြုနေသည့် ဆရာများဖြင့် ပညာရေးကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများဖွင့်လှစ်နိုင်ရေး၊ နိုင်ငံခြားပညာသင်ဌာနများမှ ကမ်းလှမ်းလာသည့် အင်္ဂလိပ်စာကျွမ်းကျင်မှု ပညာသင်ဆု ဆိုင်ရာသင်တန်းများသို့ ဆရာ ဆရာမများအား စေလွှတ်တက်ရောက်နိုင်ရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ဝင်ခွင့်စာမေးပွဲများတွင် အင်္ဂလိပ်စာကျွမ်းကျင်မှုကို ထည့်သွင်းစစ်ဆေး၍ အောင်မြင်သူများကိုသာ ဝင်ခွင့်ပြုလျက်ရှိပါကြောင်း၊ သင်တန်းနှစ်အလိုက် နိုင်ငံတကာအဆင့်မီ အင်္ဂလိပ်စာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်များ၏ အင်္ဂလိပ်စာဘာသာရပ် သင်ကြားရေးအဖွဲ့များက ရေးသားပြုစုဆဲဖြစ်ပါကြောင်း။

တက္ကသိုလ်များတွင် အသစ်ခန့်အပ်သည့် အင်္ဂလိပ်စာနည်းပြများအတွက် Upskilling Programme for Freshly Appointed Tutors of English သင်တန်းများကိုလည်းကောင်း၊ အသစ်ခန့်အပ်သော ဘာသာရပ်အလိုက် သရုပ်ပြ၊ နည်းပြများအတွက် English Language Course for Higher Education Teachers သင်တန်းများကို လည်းကောင်း၊ ပါရဂူဘွဲ့သင်တန်းသားများအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများကို လည်းကောင်း၊ အခြေခံပညာကျောင်းများမှ အင်္ဂလိပ်စာ ဘာသာပြဆရာများအတွက် နွေရာသီအင်္ဂလိပ်စာ မွမ်းမံသင်တန်းများ၊ Global English သင်တန်းများ၊ SEAMEO English သင်တန်းများကို လည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

မြန်မာ-အိန္ဒိယအင်္ဂလိပ်ဘာသာစကား လေ့ကျင့်သင်ကြားရေးဗဟိုဌာနတွင် ၂၀၀၉ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာအထိ အင်္ဂလိပ်စာသင်တန်း(၁၃)ကြိမ် ဖွင့်လှစ်ပေးခဲ့ရာ အင်္ဂလိပ်စာပြဆရာ ဆရာမများ၊ အရာထမ်းများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း(၅၄၈)ဦး တက်ရောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသည့် မြန်မာ-စင်ကာပူသင်တန်းကျောင်းတွင်လည်း အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ဆရာ ဆရာမများအား စေလွှတ်တက်ရောက်စေလျက်ရှိပါကြောင်း။

ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၁ခုနှစ် မေလ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပပေးခဲ့ရာ အဆင့်မြင့်ပညာကဏ္ဍအတွက် ကျွမ်းကျင်ပညာရှင် (၁၁)ဦး၊ အခြေခံပညာကဏ္ဍအတွက် ကျွမ်းကျင်ပညာရှင်(၈)ဦးတို့က အင်္ဂလိပ်စာအရည်အသွေး တိုးတက်မြင့်မားရေးအတွက် အုပ်စုအလိုက် ဆွေးနွေးအကြံပြုကြပါကြောင်း၊ သို့ဖြစ်၍ ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စာကျွမ်းကျင်မှု အရည်အသွေးမြင့်မားတိုးတက်စေရန် လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများကို လည်းကောင်း၊ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးဆွေးနွေးပွဲရလဒ်များအရ ဆက်လက်တိုးချဲ့ဆောင်ရွက်ရမည့် အင်္ဂလိပ်စာကျွမ်းကျင်မှု အရည်အသွေးမြင့်မားရေးလုပ်ငန်းများကိုလည်းကောင်း၊ ဆက်လက်ဆောင်ရွက်သွားရန်ရှိပါကြောင်းနှင့် အဆိုပါကိစ္စနှင့် ပတ်သက်၍ သီးခြားအလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရန် လောလောဆယ်အစီအစဉ် မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း၏ **ကချင်ပြည်နယ်အတွင်း နှစ်ဦးနှစ်ဖက် ပဋိပက္ခများကြောင့် ဒေသစွန့်ခွာတိမ်းရှောင်နေကြသူ ဒေသခံပြည်သူများ မူလဒေသတွင် အခြေချနေထိုင်ရေးအတွက် ပြန်လည်ထူထောင်ပြုပြင်မှုများကို နိုင်ငံတော်က ဦးစီးဦးဆောင်ပြု၍ ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေများအရ မြို့နယ်(၁၂)မြို့နယ်ရှိ ကယ်ဆယ်ရေးစခန်း(၆၅)ခုတွင် ခေတ္တပြောင်းရွှေ့ရောက်ရှိလာသူဦးရေမှာ (၁၉၁၀၃) ဦး ရှိပါကြောင်း၊ ပြောင်းရွှေ့ရောက်ရှိလာသော မိသားစုများအား အစိုးရဌာနဆိုင်ရာများ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ စေတနာရှင်ပြည်သူများ၊ UN Agency များ၊ INGOs များက ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၂ခုနှစ် မတ်လ ၆ ရက်အထိ ငွေကျပ် (၂၆၅၂ ဒသမ ၆၉၈) သန်းတန်ဖိုးရှိ ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထို့ပြင် ခေတ္တပြောင်းရွှေ့ရောက်ရှိလာသော မိသားစုများမှ ကျောင်းသား/သူများ ပညာသင်ကြားနိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ငြိမ်းချမ်းရေးရရှိလာသည့်အခါ မူလနေရပ်ဒေသများတွင် ပြန်လည်အခြေချနေထိုင်လိုသူများကို ၎င်းတို့၏ဆန္ဒအတိုင်း ပြန်လည်နေရာချထားပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ နေရာသစ်တွင် အိုးသစ်အိမ်သစ်ဖြင့် နေထိုင်လိုသူများအတွက်ကိုလည်း စီမံချက်များချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဖေဖော်ဝါရီ ဒုတိယပတ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ ဦးဆောင်သည့် ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ တိမ်းရှောင်လာသော မိသားစုများ မိမိတို့နေရပ်သို့ အေးချမ်းစွာပြန်လည်နေထိုင်ရေး ဆောင်ရွက်သည့် အဖွဲ့က ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးအစီအမံများကို သွားရောက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ကို ယုံကြည်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်း မေးမြန်းစဉ်။ (သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ စွမ်းအင်ကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုနှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၏ **မီတာခနှုန်းထားများ၊ လောင်စာဆီဈေးနှုန်းများ မြှင့်တင်မှုသည် ဝင်ငွေနည်းပါးသော အခြေခံလူများအတွက် ထိခိုက်မှုရှိနိုင်ပါသဖြင့် နိုင်ငံတော်အနေဖြင့် အဘက်ဘက်က စဉ်းစားသုံးသပ်ပြီး ပြန်လည်ပြင်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်သူလူထုအများဆုံးအသုံးပြုသော သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အဓိကအသုံးပြုသည်မှာ ဒီဇယ်ဆီသာဖြစ်ပါကြောင်း၊ ဒီဇယ်ဆီဈေးနှုန်းပြောင်းလဲမှုမရှိသဖြင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးလုပ်ငန်း စသည်တို့ကို ထိခိုက် ပျက်ပြားမှုများ မဖြစ်ပေါ်စေသည့်အတွက် ပြည်သူအများစု၏ အကျိုးစီးပွားကို ထိခိုက်စေမည်မဟုတ်ပါကြောင်း၊ တိုးမြှင့်လာသော ဓာတ်ဆီဈေးနှုန်းသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သက်သာသော ဈေးနှုန်းဖြစ်ပြီး ပြည်သူတို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ စီးပွားရေးအသွင် ဆောင်ရွက်ရသည့် စွမ်းအင်ဝန်ကြီးဌာနအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က စိုက်ထုတ်ကျခံသုံးစွဲရငွေကို လျှော့နည်းသက်သာစေမည်ဖြစ်ပါကြောင်း၊ ယင်းသို့ မိမိတို့ဝန်ကြီးဌာနအတွက် စိုက်ထုတ်ကျခံ သုံးစွဲရငွေလျှော့နည်း သက်သာသွားခြင်းကြောင့် ပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေးနှင့်လူမှုရေးကဏ္ဍများသို့ ပြည်ထောင်စုအစိုးရရန်ပုံငွေမှ တိုးမြှင့်ပံ့ပိုးနိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ပါဝင်ဖြည့်ဆည်းဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့က မိမိတို့ဝန်ကြီးဌာနများအား စီးပွားရေးအသွင် ဆောင်ရွက်ကြရန် လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် မိမိတို့ဝန်ကြီးဌာနများသည် ကိုယ်ပိုင်ဝင်ငွေပေါ်ရပ်တည်သွားနိုင်ရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ကိုယ်ပိုင်ဝင်ငွေနှင့် ရပ်တည်ခြင်းသည် ဈေးကွက်စီးပွားရေးစနစ်တွင် မဖြစ်မနေလုပ်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ တိုးမြှင့်သတ်မှတ်ခဲ့သော ဓာတ်အားခနှုန်းထားသည် အဆမတန်တက်ခြင်းမျိုးမဟုတ်ဘဲ ပြည်သူတို့အနေဖြင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အတွက် လည်းကောင်း၊ ဝန်ကြီးဌာနသို့ ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေမှ စိုက်ထုတ်ကျခံသုံးစွဲရငွေကို အထိုက်အလျောက် လျှော့နည်းသက်သာစေရန်အတွက် လည်းကောင်း ရည်ရွယ်၍ ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း၊ ယင်းသို့ မိမိတို့ဝန်ကြီးဌာနအတွက် စိုက်ထုတ်ကျခံသုံးစွဲရငွေ လျှော့နည်းသက်သာသွားသည်နှင့် အမျှ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍအသီးသီးသို့ အစိုးရရန်ပုံငွေမှ ပိုမိုတိုးမြှင့်ပံ့ပိုးပေးသွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်၏ **မုံရွာခရိုင် ပုလဲမြို့နယ် မဟူတောင်ဒေသ ဓာတ်ငွေ့သိုက်မှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကိုအသုံးပြု၍ မုံရွာခရိုင် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းရှိ ဆားလင်းကြီး၊ ယင်းမာပင်၊ ကနီမြို့နယ် မြစ်ကမ်းဘေးတစ်နေရာတွင် ယူရီးယားဓာတ်မြေဩဇာ စက်ရုံတစ်ရုံ တည်ဆောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် စီမံကိန်းအစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မုံရွာခရိုင် ပုလဲမြို့နယ်ရှိ သင်ဂဒုံးဒေသတွင် မူလခန့်မှန်းတွက်ချက်ရရှိခဲ့သော ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်မှုပမာဏအနေဖြင့် လျှော့နည်းသွားကြောင်း တွေ့ရှိရပြီးနောက် မဟူတောင်ဒေသတွင် ဆက်လက်ဆောင်ရွက်ရန်လျာထားခဲ့သည့် ပိတောက်ကုန်းတွင်းအမှတ်(၃)နှင့် ယာကြီးတွင်းအမှတ်(၁)တို့တွင်ဆောင်ရွက်မည့် သဲကြောခွဲခြင်းလုပ်ငန်းအစီအစဉ်ကို ရပ်ဆိုင်းခဲ့ပြီး တစ်ချိန်တည်းတွင် သင်ဂဒုံးဒေသ၌ ရှာဖွေရေးတွင်းတူးဖော်မည့်အစီအစဉ်ကိုလည်း ယာယီရပ်ဆိုင်းခဲ့၍ ၎င်းတွင်း၌ စမ်းသပ်တွေ့ရှိချက်များကို အသေးစိတ်လေ့လာလျက်ရှိပါကြောင်း၊ သင်ဂဒုံးဒေသ၌ သဘာဝ ဓာတ်ငွေ့ထုတ်ယူနိုင်မည့် ပမာဏကို တိကျစွာသိရှိလာမှသာလျှင် သဘာဝဓာတ်ငွေ့ကို ထုတ်ယူနိုင်ရေးအတွက် ဖွံ့ဖြိုးရေးအစီအစဉ်ကို ရေးဆွဲနိုင်မည်ဖြစ်ကာ ဖွံ့ဖြိုးရေး တွင်းများတူးဖော်၍ မဟူတောင်ဒေသသဘာဝဓာတ်ငွေ့ကို စီးပွားဖြစ်ထုတ်ယူခြင်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရန်အတွက် သဘာဝဓာတ်ငွေ့စတင်ထုတ်လုပ်နိုင်ရန် အချိန်ကာလ (၆)နှစ်မှ(၇)နှစ်အထိ ကြာမြင့်မည်ဖြစ်ပါကြောင်း။

ဓာတ်မြေဩဇာစက်ရုံအသစ် တည်ဆောက်နိုင်ရေးအတွက် စက်ရုံအတွက် ကုန်ကြမ်းနှင့် လောင်စာအဖြစ်အသုံးပြုရန် သဘာဝဓာတ်ငွေ့လုံလောက်သည့် ပမာဏရရှိရန်၊ အသုံးပြုမည့် သဘာဝဓာတ်ငွေ့နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော ဓာတုပစ္စည်း အမျိုးအစားများ ပါဝင်မှုပမာဏအချိုးအစားနှင့် စံချိန်စံညွှန်းများ ကိုက်ညီမှုရှိရန်နှင့် လုံလောက်သောငွေကြေးရင်းနှီးမြှုပ်နှံမှုပမာဏ၊ တည်ဆောက်ပြီးစီး၍ စက်ရုံ စတင် လည်ပတ်နိုင်သည့် အခြေအနေအထိ စောင့်ဆိုင်းရမည့် အချိန်ကာလနှင့် နည်းပညာများရှိရန်တို့ လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ဖော်ပြပါ အချက်အလက်များကို အသေးစိတ် လေ့လာဆန်းစစ်မှုပြုပြီးမှသာလျှင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်က ပြန်လည် ဖြေကြားသည်။

ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၏ **ကရင်ပြည်နယ် သံလွင်တံတား၏ လုံခြုံရေးအရပိတ်ချိန်အား လျှော့ပေးရန် သို့မဟုတ် ၂၄ နာရီ သွားလာနိုင်ရန် စီစဉ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သံလွင်တံတားကြီးအား ဖြတ်သန်းသွားရသည့် ကရင်ပြည်နယ်သည် တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိနေပြီး သံလွင်တံတားကြီးစတင်ဖွင့်လှစ်ခဲ့စဉ်က နယ်မြေတည်ငြိမ်အေးချမ်းမှု အားနည်းခဲ့သည့် အချိန်လည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တံတားကြီး၏နေ့/ည လုံခြုံရေးနှင့် ဖောက်ခွဲဖျက်ဆီးသူများ တားဆီးရေး၊ စီးပွားရေး မသမာမှုများကို တစ်ဖက်တစ်လမ်းမှ တားဆီးနိုင်ရေးအတွက် လုံခြုံရေးအဖွဲ့များက တံတားကြီးကို အချိန်နှင့် သတ်မှတ်ဖြတ်သန်းစေခြင်းကို ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုအခြေအနေအပေါ် မူတည်ပြီး တာဝန်ရှိသူများက တံတားဖြတ်သန်းအသုံးပြုချိန်များကို တဖြည်းဖြည်း တိုးမြှင့်ပေးလျက်ရှိပါကြောင်း။

ယခုအချိန်တွင် ကရင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုအခြေအနေအပေါ် မူတည်၍ တံတားကြီးသုံးစွဲမှုအား ၈-၂-၂၀၁၂ရက်မှစ၍ နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ ထပ်မံတိုးမြှင့်သုံးစွဲခွင့်ပြုထားပြီး မကျန်းမာ၍ အရေးပေါ်ဆေးကုသရန် သွားရောက်မည့်သူများ၊ မီးဖွားမည့်သူများနှင့် လူမှုရေးကိစ္စ မဖြစ်မနေ သွားရမည့်သူများ ကို လုံခြုံရေးအဖွဲ့ကစိစစ်ပြီး ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ တည်ငြိမ်အေးချမ်းမှု အခြေအနေများ တိုးတက်ဖြစ်ထွန်းမှုအပေါ် မူတည်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး တံတားကြီး၏ လုံခြုံရေးအရ ပိတ်ချိန်အား ဆက်လက်လျှော့ချပေးရန် အစီအစဉ်ရှိပါကြောင်းဖြင့်ဖြေကြားသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင်၏ **ကျောက်တန်းမြို့နယ် မှော်ဝန်းချောင်း တစ်ဖက်ကမ်း၊ ကမာကလုပ်တိုက်နယ်အတွင်းရှိ ကျေးရွာအုပ်စု(၁၁)အုပ်စု တွင်ပါဝင်သော ကျေးရွာများအတွင်းရှိ လယ်ယာမြေများနှင့် လယ်တဲစုများကို သက်ဆိုင်ရာဌာနများက စစ်တမ်းကောက်ယူခြင်း၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းရိုက် ကူးခြင်းများနှင့်ပတ်သက်၍ မည်သည့်အတွက်ကြောင့် ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ နည်းပညာများ ရရှိစေရန်၊ ယင်းဒေသရှိပြည်သူများ အလုပ်အကိုင်များရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် သန်လျင်-ကျောက်တန်း ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း စက်မှုဇုန်တည်ဆောက်နိုင်ရန်အတွက် မြေသိမ်းဆည်းရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခင်ကစီစဉ်ဆောင်ရွက်ထားခဲ့သည့် စက်မှုဇုန်ဧရိယာအတွင်းနှင့် ယင်းဧရိယာနှင့် ဆက်စပ်နေသည့်ဧရိယာများတွင် အထူးစီးပွားရေးဇုန်ဖော်ထုတ်နိုင်မှုအခြေအနေ သိရှိနိုင်ရန်အတွက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့ကပူးပေါင်း၍ စာရင်းပြုစုကောက်ခံခြင်း၊ ဓာတ်ပုံမှတ်တမ်း၊ ဗီဒီယိုမှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုကဲ့သို့ မြေပြင်တွင်ရှိနေသည့် အခြေအနေအား စာရင်းပြုစုခြင်း၊ ဓာတ်ပုံမှတ်တမ်းတင်ပြီး ဗီဒီယို မှတ်တမ်းတင်ခြင်းတို့မှာ ယင်းဒေသအတွင်း နိုင်ငံတော်က အထူးစီးပွားရေးဇုန်များတည်ဆောက်ရန်ရှိပါက ဆောင်ရွက်နိုင်မည့်အခြေအနေအား သိရှိနိုင်ရန်အတွက် စာရင်းပြုစုဆောင်ရွက်ခြင်းဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အစီရင်ခံစာတင်သွင်းခြင်းကဏ္ဍ၌ အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့ထားသော **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မတ်လ ၁၆ ရက်တွင် ဆွေးနွေးရန်လျာထားပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများအနေဖြင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ "အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ"ကို တိတိကျကျဖော်ပြ၍ မတ်လ ၁၄ ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို မတ်လ ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

◆ ပထမအကြိမ်မှ
ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှလမ်း
သွားနိုင်ရေးအတွက် ရှေးဟောင်းသုတေသန၊
ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည
မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ
**ကရုပ္ပိကျေးရွာရှိ ကရုပ္ပိချောင်းကူးတံတား
ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သံဖြူဇရပ်
ပြည်သူလူထုထည့်ဝင်ငွေ ကျပ်(၄၂၆ ဒသ
တည်ဆောက်ခဲ့ရာ ၂၀၁၀ ခုနှစ် အောက်တို
ကြောင်း၊ သံဖြူဇရပ်-အနင်း ကျေးရွာချင်း
အတိုင်းအတာမှာ အရှည်ပေ (၃၀၀)၊ အက
ဘက်ခြမ်းတွင် ပေ(၁၂၀)နှင့်ကရုပ္ပိဘက်ခြမ်း
တံတားနှင့် အလယ်တွင် ပေ(၆၀) (၂)ခန်း
ပါဝင်ပါကြောင်း။
ကရုပ္ပိချောင်းကူးတံတားသည် ဒေသ
သံဖြူဇရပ်မြို့သို့ ပို့ဆောင်သည့်(၅)တန်ကုန်
လျက်ရှိပါကြောင်း၊ လက်ရှိတံတားခံနိုင်ဝန်
ယာဉ်များမဖြတ်သန်းရန် ကန့်သတ်ထားပါ
နီယာပိုင်းဆိုင်ရာ ကွင်းဆင်းလေ့လာချက်အ
ဖြတ်သန်းပါက စိတ်ချစွာသွားလာနိုင်သည်ကို
အခြေပိုင်းစိတ်ချရမှုနှင့် ခိုင်ခန့်မှုရှိစေရေး
အသေးစိတ်ပြန်လည်လေ့လာပြီး သုံးသပ်ဆေ
တံတားပြင်ဆင်ထိန်းသိမ်းစောင့်ရှောက်ခြင်း
ရေးအဖွဲ့မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ
ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(
**နှင့် ရွှေတောင်မြို့နယ်သို့ ဆက်သွယ်ပေးမည
တည်ဆောက်ပေးရန်"** နှင့် **"မိုးညိုမြို့တွင်း လ**
မေးခွန်းများနှင့်စပ်လျဉ်း၍ ညောင်ပင်ကားယ
လက်ရှိအခြေအနေမှာ လူသွားလမ်းအဆင့်သ
(၄)ဖာလုံနှင့် ရွှေတောင်မြို့နယ်အပိုင်းတွင် (
ကြောင်း၊ ညောင်ပင်ကားယား-ကညမ်း
ဖောက်လုပ်လျှင် ရေနက်ကွင်းများ တည်ရှိ
ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး လမ်းကြော
မြေကွက်များကို ဖြတ်သန်းရန် ရေပွန်(၇)စင်
မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအတွက်
အတွက် ငွေကျပ်(၇)သန်း စုစုပေါင်းရန်ပုံ
ဖြစ်ပါကြောင်း။
ယခုတင်ပြချက်အရ ၂၀၁၂-၂၀၁၃
ကတ္တရာခင်းပြုပြင်ခြင်း လုပ်ငန်း(၃)ဖာလုံ
သန်းဖြင့် ဦးစားပေးဆောင်ရွက်ပေးသွားမ
ကညမ်းရွာသို့ ဆက်သွယ်သည့်လမ်းသစ်ဖော
ဘဏ္ဍာရေးနှစ်မှစတင်၍ ရန်ပုံငွေရရှိမှုအပေ
ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့်
တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အ
**ချောင်းမြို့နယ် ကျောက်လှေကား-တောင်ဇ
အဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မ**
မြို့နယ် စော်ဖျားကျေးရွာအုပ်စု ကျောက်
တောင်ဇင်းရွာသို့ဆက်သွယ်သည့် လက်ရှိအ
စော်ဖျား-ပဒက်ချောင်း-တောင်ဇင်းလမ်းမှာ
မြေသားလမ်း(၇)မိုင် (၄)ဖာလုံ စုစုပေါင်း (၁
၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် မြေသားလ
တွင် ကွန်ကရစ်တံတား(၂)စင်း၊ ၂၀၁၀-၂၀
တံတား(၁)စင်း တို့အား စုစုပေါင်း ငွေကျပ် (
ပေးခဲ့ပါကြောင်း။
ယခုတင်ပြလာသည့် ကျောက်လှေကာ
(၁၀)မိုင်ခန့်ရှိသည့် ယာယီလှည်းလမ်းသာဖြ
စိုက်ပျိုးခြံများကို သိမ်းယူဖောက်လုပ်ရမည့်အ
အတွက် မြေသားလမ်းအဆင့်မြှင့်တင်ခြင်းနှင့်
(၆၀၆)သန်း၊ လမ်းပေါ်ရှိအရှည်ပေ(၈၀)တံ
တံတား(၅)စင်း တည်ဆောက်ခြင်းအတွက်
ငွေကျပ် (၆၆၁ ဒသမ ၅)သန်းခန့် ကုန်ကျမ
သရက်ချောင်းမြို့နယ်စည်ပင်သာယာ
လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင်
ဦးကင်းစိန်၏ တင်ပြချက်အရ သရက်ချောင်း
(၂)မိုင်နှင့် ညောင်ဇင်-စော်ဖျား ကျောက်ချော
ငွေကျပ်(၄၈)သန်းဖြင့် ဆောင်ရွက်ပေးလျက်
သို့ဖြစ်ပါ၍ ယခုတင်ပြလာသည့် ကျေ
ဖောက်လုပ်ခြင်းထက် မူလလမ်းဖြစ်သည့် ကျေ
တောင်ဇင်းလမ်းကို အဆင့်တိုးမြှင့်ဆောင်ရွက်
ကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အ
စော်ဖျားနှင့်ပဒက်ချောင်းကြား ကျောက်ချေ
မည်ဖြစ်ပြီး ကျန်လမ်းပိုင်းများကိုလည်း နှစ်
သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။
ဆက်လက်၍ လွှတ်တော်ကိုယ်စားလှ
မေးခွန်းများကို မေးမြန်းကြရာ ပညာရေးဝန်
ပြန်လည်ဖြေကြားသည်။
ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှ
**ကျော် ဆရာ၊ ဆရာမများအား မိမိနေထိုင
ပေးရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်
ဆရာမများ၏ လျှောက်လွှာပါ ဆန္ဒပြုဒေသ
ကိုက်ညီမှု၊ ကျောင်းသား၊ ဆရာအချိုးအ
သင်တန်းဆင်းများ ခန့်ထားနိုင်မှုတို့ အပေါ်မူ
မိသားစုအခက်အခဲ၊ လူမှုရေးအခက်အခဲ
ထမ်းဆောင်ရမည့်ဒေသများမှ ဆရာ၊ ဆရာ
အညီ နှစ်စဉ်ပြောင်းရွှေ့ပေးခြင်းကို စီစဉ်ဆော
သည်။
ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ
**ထလန်ရောက်ကျေးရွာ မူလတန်းလွန်ကျောင်း
ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်
အနေဖြင့် ပညာသင်ယူမှုအခွင့်အလမ်းပိုမိုရရှိ

◆ **ပထမအကြိမ်မှ**

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှလမ်းများကို ရှေးမူမပျက်ပြုပြင် ဆောင်ရွက်သွားနိုင်ရေးအတွက် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ၏ **"သံဖြူဇရပ်မြို့နယ် ကရုပ္ပိကျေးရွာရှိ ကရုပ္ပိချောင်းကူးတံတား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သံဖြူဇရပ်မြို့နယ်မှ ကရုပ္ပိချောင်းကူးတံတားကို ပြည်သူလူထုထည့်ဝင်ငွေ ကျပ်(၄၂၆ ဒသမ ၆၇၈)သန်းဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ရာ ၂၀၁၀ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ သံဖြူဇရပ်-အနင်း ကျေးရွာချင်းဆက်လမ်းပေါ်တွင်တည်ရှိပြီး တံတားအတိုင်းအတာမှာ အရှည်ပေ (၃၀၀)၊ အကျယ်(၁၈)ပေရှိပါကြောင်း၊ သံဖြူဇရပ်ဘက်ခြမ်းတွင် ပေ(၁၂၀)နှင့်ကရုပ္ပိဘက်ခြမ်းတွင် ပေ(၆၀) အရှည်ရှိ သံကူကွန်ကရစ်တံတားနှင့် အလယ်တွင် ပေ(၆၀) (၂)ခန်း သံဘောင်ဘေလီတံတား ပေ(၁၂၀) ပါဝင်ပါကြောင်း။

ကရုပ္ပိချောင်းကူးတံတားသည် ဒေသတွင်း ငါးပိ၊ ငါးခြောက်၊ ရော်ဘာတို့ကို သံဖြူဇရပ်မြို့သို့ ပို့ဆောင်သည့်(၅)တန်ကုန်တင်ယာဉ်များ နေ့စဉ်ဖြတ်သန်းအသုံးပြုလျက်ရှိပါကြောင်း၊ လက်ရှိတံတားခံနိုင်ဝန်မှာ (၈)တန်ဖြစ်ပြီး (၅)တန်အထက် ယာဉ်များမဖြတ်သန်းရန် ကန့်သတ်ထားပါကြောင်း၊ အဆိုပါ တံတားကို အင်ဂျင်နီယာပိုင်းဆိုင်ရာ ကွင်းဆင်းလေ့လာချက်အရ ကုန်ချိန်(၅)တန်အထိ တင်ဆောင်ဖြတ်သန်းပါက စိတ်ချစွာသွားလာနိုင်သည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ တံတားအခြေပိုင်းစိတ်ချရမှုနှင့် ခိုင်ခန့်မှုရှိစေရေးအတွက် အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ်ပြန်လည်လေ့လာပြီး သုံးသပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် တံတားပြင်ဆင်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး၏ **"မိုးညိုမြို့နယ်နှင့် ရွှေတောင်မြို့နယ်သို့ ဆက်သွယ်ပေးမည့် ညောင်ပင်ကားယား-ကညမ်းလမ်း တည်ဆောက်ပေးရန်"** နှင့် **"မိုးညိုမြို့တွင်း လမ်းပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းများနှင့်စပ်လျဉ်း၍ ညောင်ပင်ကားယား-ကညမ်း ဆက်သွယ်သည့်လမ်း၏ လက်ရှိအခြေအနေမှာ လူသွားလမ်းအဆင့်သာရှိပြီး မိုးညိုမြို့နယ်အပိုင်းတွင် (၂)မိုင် (၄)ဖာလုံနှင့် ရွှေတောင်မြို့နယ်အပိုင်းတွင် (၄)ဖာလုံ စုစုပေါင်း အရှည်(၃)မိုင်ရှိပါကြောင်း၊ ညောင်ပင်ကားယား-ကညမ်း ဆက်သွယ်သည့်မြေသားလမ်းအသစ်ဖောက်လုပ်လျှင် ရေနက်ကွင်းများ တည်ရှိခြင်းကြောင့် လမ်းအမြင့် (၆)ပေခန့် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး လမ်းကြောင်းပေါ်ရှိ အင်း(၂)အင်းနှင့် လယ်ယာမြေကွက်များကို ဖြတ်သန်းရန် ရေပွန်(၇)စင်းကိုလည်း တည်ဆောက်ရမည်ဖြစ်ရာ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအတွက် ငွေကျပ်(၆၈)သန်းနှင့် ရေပွန်(၇)စင်းအတွက် ငွေကျပ်(၇)သန်း စုစုပေါင်းရန်ပုံငွေကျပ်(၇၅)သန်းခန့် လိုအပ်မည်ဖြစ်ပါကြောင်း။

ယခုတင်ပြချက်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မိုးညိုမြို့တွင်းလမ်း ကတ္တရာခင်းပြုပြင်ခြင်း လုပ်ငန်း(၃)ဖာလုံကို နိုင်ငံတော်ထောက်ပံ့ငွေကျပ်(၂၁) သန်းဖြင့် ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ညောင်ပင်ကားယားနှင့် ကညမ်းရွာသို့ ဆက်သွယ်သည့်လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး နှစ်အလိုက်အစီအမံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ဝင်း၏ **"သရက်ချောင်းမြို့နယ် ကျောက်လှေကား-တောင်ဇင်းလမ်းအား မြေ/ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သရက်ချောင်းမြို့နယ် စော်ဖျားကျေးရွာအုပ်စု ကျောက်လှေကားရွာမှ ပဒက်ချောင်းအုပ်စု တောင်ဇင်းရွာသို့ဆက်သွယ်သည့် လက်ရှိအသုံးပြုလျက်ရှိသော ကျောက်လှေကား-စော်ဖျား-ပဒက်ချောင်း-တောင်ဇင်းလမ်းမှာ ကျောက်လမ်း(၇)မိုင် (၄)ဖာလုံနှင့် မြေသားလမ်း(၇)မိုင် (၄)ဖာလုံ စုစုပေါင်း (၁၅)မိုင်ရှိပါကြောင်း၊ အဆိုပါလမ်းအား ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်း(၂)ဖာလုံ၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်တံတား(၂)စင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် အုတ်ခုံခံသစ်သားတံတား(၁)စင်း တို့အား စုစုပေါင်း ငွေကျပ် (၁၂ ဒသမ ၆၂)သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ယခုတင်ပြလာသည့် ကျောက်လှေကား-တောင်ဇင်းလမ်းသစ်သည် အရှည် (၁၀)မိုင်ခန့်ရှိသည့် ယာယီလှည်းလမ်းသာဖြစ်ပြီး လမ်းဖောက်လုပ်ပါက ပုဂ္ဂလိက စိုက်ပျိုးခြံများကို သိမ်းယူဖောက်လုပ်ရမည့်အပြင် ကျောက်ချောလမ်းဖောက်လုပ်ရန်အတွက် မြေသားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် ကျောက်ချောခင်းခြင်းအတွက် ငွေကျပ် (၆၀၆)သန်း၊ လမ်းပေါ်ရှိအရှည်ပေ(၈၀)တံတား(၂)စင်းနှင့် အုတ်ခုံခံသစ်သားတံတား(၅)စင်း တည်ဆောက်ခြင်းအတွက် ငွေကျပ်(၅၅ ဒသမ ၅)သန်း စုစုပေါင်း ငွေကျပ် (၆၆၁ ဒသမ ၅)သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

သရက်ချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကင်းစိန်၏ တင်ပြချက်အရ သရက်ချောင်းမြို့နယ် ရငဲ-ကနက်သီရိမြေသားလမ်း (၂)မိုင်နှင့် ညောင်ဇင်-စော်ဖျား ကျောက်ချောလမ်း(၁)မိုင်ကို နိုင်ငံတော် ထောက်ပံ့ငွေကျပ်(၄၈)သန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ယခုတင်ပြလာသည့် ကျောက်လှေကား-တောင်ဇင်း လမ်းသစ်ဖောက်လုပ်ခြင်းထက် မူလလမ်းဖြစ်သည့် ကျောက်လှေကား-စော်ဖျား-ပဒက်ချောင်း-တောင်ဇင်းလမ်းကို အဆင့်တိုးမြှင့်ဆောင်ရွက်ခြင်းက ပို၍အကျိုးသက်ရောက်မှုရှိခြင်းကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေကျပ်(၁၃ ဒသမ ၉)သန်းဖြင့် စော်ဖျားနှင့်ပဒက်ချောင်းကြား ကျောက်ချောလမ်း (၂)မိုင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်လမ်းပိုင်းများကိုလည်း နှစ်အလိုက်အစီအမံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **"မြို့နယ်ကျော် ဆရာ၊ ဆရာမများအား မိမိနေထိုင်ရာမြို့နယ်သို့ ပြောင်းရွှေ့ခန့်ထားပေးရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကာယကံရှင် ဆရာ၊ ဆရာမများ၏ လျှောက်လွှာပါ ဆန္ဒပြုဒေသ ဦးစားပေးအစီအစဉ်၊ ဘာသာရပ်ကိုက်ညီမှု၊ ကျောင်းသား၊ ဆရာအချိုးအရ လိုအပ်သည့်လစ်လပ်နေရာများ၊ သင်တန်းဆင်းများ ခန့်ထားနိုင်မှုတို့ အပေါ်မူတည်၍ တပ်ပြောင်း၊ ဝန်ထမ်းပြောင်း၊ မိသားစုအခက်အခဲ၊ လူမှုရေးအခက်အခဲရှိသူများ၊ (၁)နှစ် (၂)နှစ် တာဝန်ထမ်းဆောင်ရမည့်ဒေသများမှ ဆရာ၊ ဆရာမများအား ဦးစားပေးအစီအစဉ်နှင့်အညီ နှစ်စဉ်ပြောင်းရွှေ့ပေးခြင်းကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ **"ဖလမ်းမြို့နယ် ထလန်ရောန်ကျေးရွာ မူလတန်းလွန်ကျောင်းအား အလယ်တန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန အနေဖြင့် ပညာသင်ယူမှုအခွင့်အလမ်းပိုမိုရရှိရေးအတွက် ကျောင်းအဆင့် တိုးမြှင့်ခြင်း၊ ကျောင်းအသစ်ဖွင့်လှစ်ခြင်းများကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အထိ (၄)နှစ်တာကာလအတွက် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

အလယ်တန်းအဆင့် ကျောင်းသားဦးရေ (၁၅၀)ဦးနှင့်အထက်ရှိသော အခြေခံပညာ မူလတန်းလွန်ကျောင်း(၃၂၇)ကျောင်းရှိနေပါကြောင်း၊ ဖလမ်းမြို့နယ်၊ ထလန်ရောန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် အလယ်တန်းအဆင့် ကျောင်းသား(၄၉)ဦးသာရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် လောလောဆယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး၏ **"ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံသားကုမ္ပဏီနှင့် လုပ်ငန်းရှင်များအား တိုင်းဒေသကြီး/ပြည်နယ်များတွင် စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အနေဖြင့် သတ်မှတ်ပေးထားခြင်း သို့မဟုတ် သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံတော်စီးပွားရေးနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အခန်း(၈)၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ ပုဒ်မ ၃၇၀ တွင် ဖော်ပြချက်အရ နိုင်ငံသားများသည် နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိပါကြောင်း။

အခန်း(၁၅)အထွေထွေပြဋ္ဌာန်းချက် ပုဒ်မ ၄၅၅ အရ ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်ကြောင်း။

သမဝါယမအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေ၊ အခန်း (၂)၊ ပုဒ်မ ၄ တွင်လည်း အစိုးရအဖွဲ့သည် ပုဒ်မ ၃ အရ အစိုးရကသာလုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရနှင့်အခြားမည်သည့် ပုဂ္ဂိုလ် သို့မဟုတ် မည်သည့် စီးပွားရေးအဖွဲ့အစည်းမဆို ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားပါကြောင်း။

ထို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိထားပြီး ဖြစ်ပါကြောင်း၊ လက်တွေ့နယ်ပယ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဒေသအာဏာပိုင်များ၊ ဒေသခံကုန်သည်များ၊ ဒေသခံတောင်သူလယ်သမားများဖြင့် ညှိနှိုင်းပူးပေါင်း၍ ဆန်စပါးအထူးပြုကုမ္ပဏီများကို မြို့နယ်များ၌ ဖွဲ့စည်းထူထောင်ခြင်းအား ၂၀၀၉ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးများ၊ ရခိုင်၊ ရှမ်း၊ ကရင်နှင့် မွန်ပြည်နယ်များ၌ ဆန်စပါးအထူးပြု ကုမ္ပဏီ (၅၄)ခု၊ ဧရာဝတီ၊ ပဲခူး၊ မကွေးနှင့် ရန်ကုန်တိုင်းဒေသကြီးများတွင် ပဲမျိုးစုံ အထူးပြုကုမ္ပဏီ (၂၁)ခု၊ နေပြည်တော်တွင် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီ (၁)ခုတို့ကို ဖွဲ့စည်းထူထောင်ပြီး တောင်သူလယ်သမားများအတွက် လိုအပ်သည့် မျိုး၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များပံ့ပိုးထောက်ပံ့ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အထူးပြုကုမ္ပဏီများအနေဖြင့် တောင်သူလယ်သမားများထံမှ လယ်ယာမြေများဝယ်ယူခြင်း၊ အခကြေးငွေဖြင့် ငှားရမ်းပြီး ကိုယ်တိုင်လုပ်ကိုင်ခြင်းများကို ဆောင်ရွက်ခြင်းမပြုဘဲ သက်သာသည့် အတိုးနှုန်း(၂)ရာခိုင်နှုန်းဖြင့် ပံ့ပိုးထုတ်ပေးခြင်းကိုသာ ဆောင်ရွက်နေခြင်းဖြစ်ပြီး မြို့နယ်အသီးသီးတွင် လုပ်ငန်းများ သွားရောက်ဆောင်ရွက်ရာ၌ မြေယာဖယ်ရှားပေးရခြင်း၊ နစ်နာကြေးပေးရခြင်း စသည့် ပြဿနာများဖြစ်ပွားခဲ့ခြင်း မရှိကြောင်းလည်း သိရှိရပါကြောင်း။

အထူးပြုကုမ္ပဏီများ၏ ဒေသအသီးသီးတွင် လက်ရှိဆောင်ရွက်နေသည့် အစီအစဉ်များအပေါ် နှစ်ကာလ သို့မဟုတ် လုပ်ကိုင်ခွင့်ကာလ သတ်မှတ်ထားခြင်း မရှိဘဲ စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချသည်အထိ Supply Chain Mechanism တစ်ခုလုံးတွင် ပါဝင်နေသူများဖြစ်သည့် တောင်သူလယ်သမားများ၊ ဒေသခံကုန်သည်ပွဲစားများ၊ စက်ပိုင်ရှင်များ၊ ကုန်သည်ကြီးများ၊ ပြည်ပတင်ပို့သူများ အားလုံးဟန်ချက်ညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လူမှုရေးလုပ်ငန်းများအနေဖြင့်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် လူမှုရေးလုပ်ငန်းများဖြစ်သည့် ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများ၊ စေတနာမူလတန်းညကျောင်းများ၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများကို ဖွင့်လှစ်တည်ထောင်ရန်အတွက် နိုင်ငံသား ပုဂ္ဂလိကအလှူရှင်များနှင့် လုပ်ငန်းရှင်များက လျှောက်ထားလျှင် သတ်မှတ်ချက်နှင့်ကိုက်ညီပါက နှစ်ကာလနှင့် လုပ်ပိုင်ခွင့်ကာလ သတ်မှတ်ခြင်းမရှိဘဲ အသိအမှတ်ပြု ဖွင့်လှစ်ခွင့်ပြုလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစံထွန်းက ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း၏ **"အစိုးရဌာနများနှင့် နိုင်ငံ့ဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှုရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ ကောင်းသောစနစ်များကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောစနစ်အတွက် အထောက်အကူဖြစ်စေရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဌေးဝင်း(ခ) ဦးဇာယာဒ်ရော်မံ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဇော်နိုင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးတို့က ဆွေးနွေးရာတွင် လာဘ်ပေး၊ လာဘ်ယူမှုများကြောင့် ကုန်ဈေးနှုန်းများကြီးမြင့်ခြင်း၊ ငွေကြေးဖောင်းပွခြင်း၊ ပြည်သူများ၏ ကိုယ်ကျင့်တရားပျက်ပြားစေခြင်း၊ လူ့ဘဝတိုးတက်မြင့်မားရန် မှန်ကန်သောကြိုးစားအားထုတ်မှုမပြုလုပ်ကြခြင်း၊ တစ်နည်းအားဖြင့် လူ့အရည်အသွေးကျဆင်းစေခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေပါကြောင်း၊ ဝန်ထမ်းကိစ္စနှင့်စပ်လျဉ်း၍ တစ်ယောက်အားနှင့် 'မ' ၍ရသည့်ကိစ္စကို ၂ ယောက် ၃ ယောက် မ 'မ' စေဘဲ တစ်ယောက်နှင့်သာ 'မ' ရမည်ဖြစ်ပါကြောင်း၊ လက်ရှိဝန်ထမ်းအင်အားကို လျှော့ချရမည်ဟု အဖြေထွက်ပါကြောင်း၊ လျှော့ချခံရသည့်ဝန်ထမ်းများကိုလည်း ပင်စင် အပြည့်အဝခံစားနိုင်ရန်၊ အခြားလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းများကို နိုင်ငံတော်မှ စီမံဖန်တီးပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သည် အခွန်အကောက်ရငွေနှင့် အစိုးရယန္တရားကို လည်ပတ်ရသည်ဖြစ်၍ အခွန်ကောက်ခံမှုစနစ်သည်လည်း မြန်မြန်ဆန်ဆန်ဖြစ်သင့်ပါကြောင်း၊ နိုင်ငံတော်၏ အခွန်ယိုပေါက်၊ ဟာပေါက်များကို ပိတ်နိုင်လျှင် နိုင်ငံတော်ရငွေများ ပိုမိုရရှိလာမည်ဖြစ်ပြီး ၎င်းငွေများကို ထိုက်သင့်သည့် လစာနှင့် အကျိုးခံစားခွင့်များ ပေးအပ်နိုင်မည်ဖြစ်ပါကြောင်း၊ ပွင့်လင်းထင်သာမြင်သာရှိမှု ပိုမိုရရှိလာသည်နှင့်အမျှ လာဘ်ပေးလာဘ်ယူမှုများ ပိုမိုလျော့နည်းပပျောက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွင်းရှိ ပညာရှင်များ၊ ပြည်တွင်းပြည်ပလုပ်ငန်းအတွေ့အကြုံရှိသူများ ပါဝင်ဖွဲ့စည်း သည့် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်စေရန် လိုအပ်လျက်ရှိနေကြောင်းနှင့် ကုစားမည့်နည်းလမ်းများရှာကြံသည့်အခါတွင် တိုးတက်သည့်နိုင်ငံများမှ စနစ်ကောင်းများကိုလည်း ထည့်သွင်း ရေးဆွဲသင့်ပါကြောင်းဖြင့် ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ပြည်သူများက ရွေးချယ်တင်မြှောက်သော ဒီမိုကရေစီအစိုးရအနေဖြင့် နိုင်ငံတော်ကို အဘက်ဘက်မှ အရှိန်အဟုန်ဖြင့် တိုးတက်အောင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသောကာလဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများသည် အဓိကအရေးကြီးသောကဏ္ဍမှ နိုင်ငံတော်၏ယန္တရားကို လည်ပတ်အောင် ပါဝင်နေသော ပုဂ္ဂိုလ်များဖြစ်ကြပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းများ၏ အရည်သွေးတိုးတက်ရေး၊ ယုံကြည်ချက် ခံယူချက်မြင့်မားရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စိတ်ဓာတ်စည်းကမ်း မြင့်မားလိုက်နာရေးနှင့် လုပ်ငန်းခွင် စနစ်တကျရှိစေရေးတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုဝန်ကြီးအနေဖြင့်လည်း ပြည်ထောင်စုဝန်ကြီးဌာနများရှိ နိုင်ငံ့ဝန်ထမ်းအကြီးအကဲများကို ၆-၅-၂၀၁၁ ရက်နေ့တွင် ခေါ်ယူတွေ့ဆုံ၍ နိုင်ငံတော်သမ္မတ မိန့်ကြားခဲ့သည့်အတိုင်း ကောင်းမွန်သောအုပ်ချုပ်မှုစနစ် Good Governance နှင့် သန့်ရှင်းသောအစိုးရ Clean Government ဖြစ်ရေးတို့ကို ဝန်ထမ်းများ၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျ တာဝန်ထမ်းဆောင်ရေးကို အကျယ်တဝင့် ဆွေးနွေးမှာကြားပညာပေးလမ်းညွှန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေး၊ ခံယူချက်မှန်ကန်စေရေး၊ ပေးအပ်သည့် တာဝန်များကျေပွန်စွာ ထမ်းဆောင်နိုင်ရေးတို့အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်များရှိ ပညာဌာန (၆)ခုတွင် လေ့ကျင့်ပညာပေးလျက်ရှိပါကြောင်း။

ထို့ပြင် အရာထမ်းအခြေခံသင်တန်းများကိုလည်း ဖွင့်လှစ်ကာ ပြောင်းလဲတိုးတက်လျက်ရှိသော ခေတ်အခြေအနေနှင့် အညီ အရည်အသွေးတိုးတက်မြင့်မားစေရန် လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၁၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဆွေ၊ ဦးဌေးမြင့်နှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာတင်မေထွန်း၊ ဒေါက်တာသီတာဦးနှင့် ဦးမြင့်လွင်တို့က ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်နှင့် အသစ်ပြဋ္ဌာန်းရန် ဥပဒေများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသော ဥပဒေများနှင့် ပတ်သက်၍ အကြံပြုလေ့လာချက်များကို တင်ပြကြရာ ဦးဝင်းသိမ်းက ပို့ဆောင်ရေးဥပဒေ ၂၃ ခုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဦးဝင်းသန်းက ပြည်ထောင်စုလွှတ်တော် စီမံကိန်း စိစစ်ရေးဆိုင်ရာဥပဒေနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဦးမြင့်ဆွေက လေကြောင်းလိုင်းနှင့် ပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဦးသိန်းဦးက E Commission ကိစ္စရပ်များနှင့် ပတ်သက်၍ ICT အသုံးပြုကာ Data Base တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဦးခင်မောင်ဦးက ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဦးသန်းထွန်းက နိုင်ငံခြားဆက်ဆံရေးနှင့် ပတ်သက်သော ဥပဒေနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဦးသန်းမောင်က မူပိုင်ခွင့်ဥပဒေအသစ်များကို အချိန်မီပြဋ္ဌာန်းခြင်းအဆိုနှင့် စပ်လျဉ်း၍ လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် အခြားကိစ္စရပ်များအား တင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လိုအပ်သည်များ မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တွေ့ဆုံမှာကြား

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့အား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၂

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှု၊ နိုင်ငံရေးတွင် တပ်မတော်၏ အခန်းကဏ္ဍ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ကြားဖြတ်ရွေးကောက်ပွဲ၏ အရေးပါမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်းပိုင်းလုပ်ကွက်လုပ်ကိုင်ခွင့် ဒုတိယမြောက်စာချုပ် ချုပ်ဆို

နေပြည်တော် မတ် ၁၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဆွစ်ဇာလန်နိုင်ငံ Geopetrol International Holding Inc. နှင့် မြန်မာတိုင်းရင်းသားပိုင် A-1 Mining Company Limited တို့သည် ကုန်းပိုင်းလုပ်ကွက် RSF-9(ပြလို့-ပေါက်ခေါင်းဒေသ)၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မတ် ၁၁ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဌေး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်းရေးမှူး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးအောင်၊ Geopetrol International Holding Inc. ၏ Corporate Technical Manager Mr. Francois Payot ၊A-1 Mining Company Limited ၏ Managing Director ဦးရန်ဝင်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် Geopetrol International Holding Inc. ၏ Corporate Technical Manager Mr. Francois Payot တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူစာချုပ်ကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူး၊ Geopetrol International Holding Inc. ၏ Corporate Technical Manager Mr. Francois Payot နှင့် A-1 Mining Company Limited ၏ Managing Director ဦးရန်ဝင်းတို့က လည်းကောင်း၊ အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်၊ Geopetrol International Holding Inc. ၏ Country Manager Mr. Claude Seiler နှင့် A-1 Mining Company Limited မှ Director ဦးစိုးမြင့်ဆွေတို့က လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

စွမ်းအင်ဝန်ကြီးဌာနသည် ကုန်းပိုင်းနှင့် ကမ်းလွန်ဒေသမှ ထပ်မံတွေ့ရှိလာမည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ပြည်တွင်းသုံးစွဲရေး ဦးစားပေးဆောင်ရွက်သွားရန် ရည်ရွယ်ချက်ထားရှိပြီး တိုးတက်လာသော ပြည်တွင်းရေနံနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို အမြန်ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတကာ အတွေ့အကြုံရှိသည့် ရေနံကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် အခြေခံဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေခြင်းလုပ်ငန်းများ၌ မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီများကိုလည်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနှင့် နည်းပညာလွှဲပြောင်းရယူနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာနသည် လွန်ခဲ့သော ရှစ်လခန့်မှစတင်ကာ ကုန်းပိုင်းလုပ်ကွက် ၁၈ ကွက်အတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ရာ လုပ်ကွက် ၉ ကွက်တွင် နိုင်ငံတကာရေနံကုမ္ပဏီနှင့် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီ ခုနစ်ခုတို့အား ပူးပေါင်းလုပ်ကိုင်ခွင့်ပေးရန် စိစစ်ရွေးချယ်ခဲ့ရာ ယခုလက်မှတ်ရေးထိုးသည့် ကုန်းပိုင်းလုပ်ကွက် RSF-9 (ပြလို့-ပေါက်ခေါင်းဒေသ) PSC စာချုပ်သည် ကုန်းပိုင်းလုပ်ကွက်လုပ်ကိုင်ခွင့် ဒုတိယမြောက်စာချုပ်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ စာမျက်နှာ ၉ မှ

နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို ကျင်းပခဲ့ပါကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေး အာဆီယံ လူ့စွမ်းအားဗဟိုဌာန (ASEAN Resource Center for Training for Civil Service)ကို ၂၀၀၄ ခုနှစ်မှ စတင်ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း၊ မှန်ကန်ထိရောက်သောရုံးလုပ်ငန်းများကို စည်းစနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက်လည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ရုံးလုပ်ငန်းလက်စွဲစာအုပ်ကို ဝန်ကြီးဌာန အဖွဲ့အစည်းများသို့ ဖြန့်ဖြူးခဲ့ပြီးဖြစ်ပါကြောင်း။

ပြန်တမ်းဝင်အရာရှိများကို ရွေးချယ်ရာတွင်လည်း နိုင်ငံတော်အပေါ် သစ္စာရှိရေး၊ ပြည်သူကို အလုပ်အကျွေးပြုရေး၊ စိတ်ဓာတ်အကျင့်စာရိတ္တကောင်းမွန်ရေး၊ လုပ်ငန်းဗဟုသုတနှင့် ပညာရပ်ကျွမ်းကျင်မှုတို့ကို အခြေခံကာ ရေးဖြေစာမေးပွဲကျင်းပခြင်း၊ စိတ်အခြေအနေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း၊ အပြီးသတ်ရာထူးရွေးချယ်ခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် လေ့ကျင့်သင်တန်းပေးခြင်းတို့ကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင် ၁၉၈၄၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး လက်စွဲစာစောင် ၁၉၈၅၊ ဝန်ထမ်းကျင့်ဝတ် ၂၀၀၄ ပြဋ္ဌာန်းပြီး ဝန်ထမ်းကောင်းများ ဖြစ်လာစေရေး၊ အရည်အသွေး အရည်အချင်းပြည့်မီသည့် ဝန်ထမ်းများဖြစ်လာစေရေးအတွက် ထိန်းသိမ်းကြပ်မတ်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအတွက် လုပ်ငန်းတာဝန်ဆောင်ရွက်ရာတွင် လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဖြည့်ဆည်းမှုများကို ပြည့်ပြည့်ဝဝခံစားရရှိရန် ဝန်ထမ်းစည်းမျဉ်းပါ သတ်မှတ်ပြဋ္ဌာန်းချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများ ဥပဒေချိုးဖောက်ခြင်း၊ စည်းကမ်းပျက်ယွင်းခြင်း၊ စာရိတ္တပျက်ပြားခြင်း၊ လုပ်ငန်းတာဝန်မကျေပွန်ခြင်း၊ ဌာနဆိုင်ရာစည်းကမ်းညွှန်ကြားချက်၊ အမိန့်စာဖောက်ဖျက်ခြင်းတို့ရှိလာပါက ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေးလက်စွဲပါ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြစ်ဒဏ်(၉)မျိုးဖြင့် တိတိကျကျအရေးယူအပြစ်ပေးလျက်ရှိပါကြောင်း၊ စည်းကမ်းတကျနေထိုင်တတ်စေရေး၊ ပြစ်မှုနှင့် ပြစ်ဒဏ်မျှတစေရေး၊ လူညွှန့်တုံးပြီး စိတ်ဓာတ်လုံးဝပျက်ပြားသွားစေမည့် ပြစ်ဒဏ်မျိုးမချမှတ်ရေး၊ ပြစ်ဒဏ်ကျခံပြီးပါက နိုင်ငံနှင့်ဌာနအကျိုးကို ယခင်ကထက် ပိုမိုကြိုးပမ်းသယ်ပိုးစိတ်ရှိလာစေရေး၊ ခံယူချက်မှန်ကန် ပိုမိုမြင့်မားစေရေး စသည်တို့ကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် နိုင်ငံတော်အတွင်းရှိ ပြည်သူလူထုများနှင့် နိုင်ငံ့ဝန်ထမ်းများအကြား အဆင်မပြေမှု၊ နစ်နာမှု၊ မကျေနပ်မှုများနှင့်ပတ်သက်၍ အကြံပြုခြင်း၊ တိုင်ကြားခြင်း၊ တင်ပြခြင်း၊ အသနားခံခြင်းများကို နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်တင်ပြခြင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ လည်းကောင်း၊ အမျိုးသား လွှတ်တော်ရှိ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီသို့လည်းကောင်း တင်ပြတိုင်ကြားနိုင်ပြီး အထက်ပါဌာနများသို့ အကြံပြုတင်ပြ၊ အသနားခံတိုင်ကြားလာသောစာများကို ပြည်ထောင်စုအစိုးရအဖွဲ့၊ နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးအား စနစ်တကျစီမံကြပ်မတ် ကြီးကြပ်ဆောင်ရွက်သွားရန် တာဝန်ပေးအပ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

သမ္မတရုံးဝန်ကြီးဌာနအနေဖြင့် Good Governance and Clean Government နှင့် ပတ်သက်၍ စိစစ်ဆောင်ရွက်စေလျက်ရှိရာ ၅-၄-၂၀၁၁ ရက်နေ့မှ ၂၉-၂-၂၀၁၂ ရက်နေ့အထိ ကာလအတွင်း နိုင်ငံတော်သမ္မတထံ တင်ပြစာပေါင်း (၇၈၆၉) စောင်အနက်မှ စိစစ်ပြီးအမှုပေါင်း(၃၂၀၀)မှုရှိခဲ့ပြီး အဆင့်မမီနှင့် အကြိမ်ကြိမ်တိုင်ကြားမှု (၂၀၈၅)စောင်၊ ဆက်လက်စိစစ်ဆဲ (၂၅၈၄)စောင်ဖြစ်ပါကြောင်း၊ စိစစ်ပြီး တင်ပြစာများအပေါ် လိုအပ်သလို အရေးယူဆောင်ရွက်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ No one is above the law, Everyone is equal before the law ဆောင်ပုဒ်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဝန်ထမ်းများအား အကျင့်ပျက်စီးစေရန် စည်းရုံးဆောင်ရွက်ခြင်းနှင့် ဝန်ထမ်းများ၏ စည်းကမ်းတကျ ဆောင်ရွက်မှုအပေါ် နှောင့်နှေးကြန့်ကြာစေရန်အတွက် မဟုတ်မမှန်လုပ်ကြံတိုင်ကြားမှုများလည်း စိစစ်တွေ့ရှိရပြီး မမှန်မကန် တိုင်ကြားသူများအား နောင်တွင် ဤသို့မပြုလုပ်ရန် မှတ်တမ်းတင်သတိပေးခဲ့ရပါကြောင်း၊ နောင်တွင် မမှန်မကန် တင်ပြတိုင်ကြားသူများကို ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါကြောင်း၊ တိုင်ကြားတင်ပြရာတွင် တိုင်ကြားသူ၏လက်မှတ်၊ နာမည်၊ နိုင်ငံသားစိစစ်ရေးကတ်နံပါတ်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းရှိပါက ဖုန်းနံပါတ်များ ထည့်သွင်းဖော်ပြပေးရန်ဖြစ်ပါကြောင်း၊ ဤသို့စနစ်တကျ တိုင်ကြားမှုမရှိပါက အဆင့်မရှိ တိုင်ကြားစာများဖြစ်၍ အရေးယူဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း။

ဝန်ထမ်းများ၏ ရပိုင်ခွင့်၊ စည်းမျဉ်းစည်းကမ်းများ၊ အချိန်ပိုလုပ်အားခ ဆုကြေးများအား ရရှိအောင်ဆောင်ရွက်ပေးခြင်း၊ လျှုဒါန်းလိုသူများ၏ လျှုဒါန်းမှုများကို လက်ခံ၍ အောက်ခြေဝန်ထမ်းများအား ပံ့ပိုးထောက်ပံ့ပေးကမ်းခြင်းတို့ကိုလည်း

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

အခါအားလျော်စွာ ဌာနဆိုင်ရာများအလိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စည်းကမ်းနှင့်ပတ်သက်၍လည်း အများပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသော နေရာဌာနများတွင် အဆင်မပြေမှုများရှိပါက အထက်အရာရှိ၊ တာဝန်ရှိသူများနှင့် တိုက်ရိုက်တွေ့ဆုံတင်ပြခြင်းများ ပြုလုပ်နိုင်ခြင်း၊ အကြံပြုစာများရေးသား၍ ပေးပို့နိုင်ရန် စာတိုက်ပုံးများ ထားရှိခြင်းများကို ဝန်ကြီးဌာနများ၊ ဘဏ်များ၊ စာတိုက်များ၊ လျှပ်စစ်မီတာခပေးသွင်းရန် ဌာနများ၊ ဆေးရုံများ၊ ဘတ်(စ်)ကားဂိတ်များ၊ မော်တော်ဆိပ်၊ ဘူတာရုံများ၊ လေဆိပ်များတွင် ထားရှိဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ဝန်ထမ်းများအတွက် အသက်သွေးကြောဖြစ်ပြီး ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာသိရှိလိုက်နာကြစေရန် ၂၀၀၄ ခုနှစ်တွင် ဝန်ထမ်းကျင့်ဝတ် စာစောင်ကို နိုင်ငံ့ဝန်ထမ်းများအား အခမဲ့ဖြန့်ဝေခြင်း၊ ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ ဆွေးနွေးပွဲ၊ ဟောပြောပွဲများကျင်းပခြင်း၊ ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စာမေးပွဲများကို အခါအားလျော်စွာ ကျင်းပစစ်ဆေးခြင်း၊ အဆင့်မြင့်လုပ်ငန်းခွင်သင်တန်းများကို ဝန်ကြီးဌာနအလိုက် ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခြင်း လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို ခေတ်ကာလနှင့် လျော်ညီစွာ ပြင်ဆင်ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်၍ ဒီမိုကရေစီ အလေ့အကျင့်ရင့်ကျက်လာသည်နှင့်အမျှ ပြုပြင်သင့်သည်များ ပြုပြင်ရင်း နိုင်ငံ့ဝန်ထမ်းများအား အရည်အသွေးမြှင့်တင်ပေးစေခြင်းဖြင့် နိုင်ငံတော်အစိုးရအဖွဲ့အပေါ် ပြည်သူများက အမြင်ရှင်း၍ ယုံကြည်အားကိုးလာစေရေးကို နိုင်ငံတော်အစိုးရအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးညဏ်လင်းက **"အရည်အချင်းပြည့်ဝသော ရှေ့နေများ ပေါ်ထွန်းလာရေးအတွက် အစီအမံများ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

အဆိုကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏ်စိုးက **"ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် အသက်အန္တရာယ် အများအပြား ဆုံးရှုံးသည်အထိ ယာဉ်မတော်တဆမှုများ ဖြစ်ပွားနေပါ၍ အရေးပေါ်ကယ်ဆယ်ရေး ယူနစ်များ စီမံထားရှိပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

အဆိုကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က **"ဝန်ထမ်းအဖွဲ့အစည်းအချို့အား ဖျက်သိမ်းခြင်း၊ ချုံ့ခြင်း၊ ချဲ့ခြင်းနှင့် အသစ်ဖွဲ့စည်းခြင်းများ စနစ်တကျပြုလုပ်ပြီး နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အဆောင်အယောင်များ၊ လစာနှုန်းထားများကို နိုင်ငံတကာစံ၊ ဒေသတွင်းနှင့် အရှေ့တောင်အာရှစံဖြစ်ရေးလုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

အဆိုကို ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ညနေ ၄ နာရီ ၁၀ မိနစ်တွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို မတ် ၁၃ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် မေးခွန်း(၁၀)ခု မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ အစီရင်ခံစာ (၁)ခု ဖတ်ကြားခြင်း၊ အဆို(၁)ခုဆွေးနွေးခြင်း၊ အတည်ပြုခြင်းနှင့် အဆိုသစ်(၃)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး မိခင်နှင့် ကလေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၂

တနင်္သာရီတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ဇေကရီခိုင်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြ က ၂၀၁၁ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြသည်။

ထို့နောက် ထားဝယ်၊ မြိတ်နှင့် ကော့သောင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားသင်တန်းများ ဖွင့်လှစ်

ရန်ကုန် မတ် ၁၂

၂၀၁၂ ခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းများဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်း အားကစားပြိုင်ဝင်း၌ ကျင်းပခဲ့သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း(၈)ခု မေးမြန်းဖြေကြား၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစီရင်ခံစာတင်သွင်း

နေပြည်တော် မတ် ၁၂

ပြည်သူ့လွှတ်တော်အစည်းအဝေး(၁၂)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၄၇)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ မေးခွန်း(၈)ခုမေးမြန်းဖြေကြားခြင်းနှင့် အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ ဟားခါး မဲဆန္ဒနယ်မှ ဦးဝွန်မောင်း၏ **နိုင်ငံခြားခရီးသည်များ ချင်းပြည်နယ်သို့ သွားရန်အတွက် ကန့်သတ်ချက်များရှိ/မရှိ၊ ကန့်သတ်ချက်အမိန့်စာများရှိပါက မည်သည့်ဌာနက မည်သည့်ခုနှစ်၊ နေ့ရက်က မည်သည့်အကြောင်းပြချက်ဖြင့် ထုတ်ပြန်ထားသည်၊ အကယ်၍ထောက်ခံချက်လိုပါက မည်သည့်ဌာန၏ ထောက်ခံချက်လိုသည်၊ ယင်းထောက်ခံချက်ကို ရက်မည်မျှအတွင်း ရနိုင်သည်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက နိုင်ငံခြားသားများခရီးသွားလာရေးနှင့် ပတ်သက်၍ နိုင်ငံခြားသားခရီးသည်များ ချင်းပြည်နယ်သို့ သွားရောက်ရန်အတွက် ကန့်သတ်ချက်များရှိပါကြောင်း၊ ချင်းပြည်နယ်အပြင် အချို့သော တိုင်းဒေသကြီး/ပြည်နယ်များရှိဒေသများသို့ သွားလာရန်အတွက်လည်း ကန့်သတ်ချက်များ သတ်မှတ်ထားရှိပါကြောင်း၊ နိုင်ငံခြားသားများ၏ ခရီးသွားလာလှုပ်ရှားမှုများကို ထိန်းသိမ်းရန်အတွက် မည်သည့်ဒေသများသို့ မည်သည့်လမ်းကြောင်း၊ မည်သည့်ယာဉ်ဖြင့်သွားလာနိုင်ကြောင်း စည်းကမ်းသတ်မှတ်ချက်များ ပါရှိသည့် တည်ဆဲကန့်သတ်နယ်မြေဒေသ သတ်မှတ်ချက်ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၀-၄-၁၉၉၆ရက်စွဲပါ အမိန့်ဖြင့် နောက်ဆုံးထုတ်ပြန်ထားရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ရောက်ရှိ နေထိုင်လျက်ရှိကြသည့် အချို့သောနိုင်ငံခြားသားများသည် တရားဝင်ခွင့်ပြုချက်မရှိဘဲ နယ်စပ်ဒေသများကို ကျော်ဖြတ်ခြင်း၊ မြန်မာနိုင်ငံမှ အဖိုးတန်ပစ္စည်းများကို ပြည်ပသို့ခိုးထုတ်ခြင်းဖြစ်စဉ်များ၊ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားသား သေဆုံးခြင်းဖြစ်စဉ်များအပြင် နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးကိုထိခိုက်ပျက်ပြားစေမည့် ဖြစ်စဉ်များ စသည့်မလိုလားအပ်သော ဖြစ်စဉ်များကို မကြာခဏ တွေ့ရှိရသဖြင့် နိုင်ငံခြားသားများ၏ခရီးသွားလာလှုပ်ရှားမှုများကိုထိန်းသိမ်းရန် ကန့်သတ်နယ်မြေဒေသ သတ်မှတ်ချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါအမိန့်အရ ချင်းပြည်နယ်သို့ ကမ္ဘာလှည့်ခရီးသည်နှင့် နိုင်ငံခြားသားဧည့်သည်များအား ကန့်သတ်၍ သွားရောက်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါကြောင်း။

ကန့်သတ်နယ်မြေများသတ်မှတ်ထားသော်လည်း ခွင့်ပြုဒေသများထက် ကျော်လွန်သွားရောက်လိုပါက နယ်မြေဒေသ၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း ရှိ/မရှိနှင့် လမ်းခရီးတစ်လျှောက်လုံခြုံရေး အခြေအနေတို့ အပေါ် မူတည်၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၏ တာဝန်ခံချက်ဖြင့် အထက်ဌာနသို့ တင်ပြခွင့်ပြုချက်ရရှိပါက ခွင့်ပြုခရီးစဉ်လမ်းကြောင်းများအတိုင်း သွားရောက်ခွင့်ပြုလျက်ရှိပါကြောင်း၊ ယခုအခါ နိုင်ငံခြားသားများအား ကန်ပက်လက်၊ နတ်မတောင်၊ မင်းတပ်၊ အေးရွာစခန်း၊ ရမ်ဆီစခန်း၊ (၈)မိုင်စခန်း၊ ကနေဒီတောင်တို့အပြင် ဟားခါးမြို့နှင့် ဖလမ်းမြို့များကိုလည်း ခရီးသွားလာရေးလုပ်ငန်းလုပ်ကိုင်နေသော ခရီးသွားလုပ်ငန်းကုမ္ပဏီများ၏ အစီအစဉ်ဖြင့်လှည့်လည်သွားလာရသည့် Package Tour Group နှင့်တစ်ဦးချင်း လွတ်လွတ်လပ်လပ်သွားလာရသည့် Foreign Independent Traveller ခရီးသည်နှစ်မျိုးစလုံးကို ကြိုတင်ခွင့်ပြုချက်ရယူ၍ သွားလာခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်လာသည့် နိုင်ငံခြားသားဧည့်သည်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်ခွင့်ပြုလျက်ရှိပြီး အဆိုပါနိုင်ငံခြားသားဧည့်သည်များအတွက် နိုင်ငံတော်အစိုးရကသတ်မှတ် ကြော်ငြာထားသည့် အမည်မည်းစာရင်း သတ်မှတ်ထားသူများ ပါရှိခြင်း ရှိ/မရှိ ကို သတင်းတပ်ဖွဲ့ကစိစစ်ပြီး အမည်မည်းစာရင်းတွင် မပါဝင်သူများကို သတ်မှတ်ဗီဇာ၊ စည်းကမ်းနှင့်ညီညွတ်ပါက နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်၊ လှည့်လည်သွားလာခွင့်နှင့် ကြည့်ရှုလေ့လာခွင့်တို့ကို ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ချင်းပြည်နယ်သို့ ရောက်ရှိသွားလာသည့် နိုင်ငံခြားသားဧည့်သည်များကို ကန့်သတ်ခြင်း၊ တားမြစ်ခြင်းမရှိဘဲ လုံခြုံစိတ်ချစွာ လှည့်လည်သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာနယ်မြေခံရဲတပ်ဖွဲ့က အနီးကပ်လိုက်ပါ စောင့်ရှောက်ပေးလျက်ရှိပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားများနှင့် နိုင်ငံခြားသားအဖြစ်ခံယူထားသော ချင်းလူမျိုးများ ဝင်ရောက်လာမှုအား အထက်ဌာနအဆင့်ဆင့်၏ ခွင့်ပြုချက်ပါ/မပါကို **စာမျက်နှာ ၈ ကော်လံ ၁ သို့**❖

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပ

မေးခွန်းများမေးမြန်းဖြေကြား၊ အစီရင်ခံစာ(၁)ခုဖတ်ကြား၊ အဆို(၁)ခုအတည်ပြု၊ အဆိုသစ်(၃)ခု တင်သွင်း

နေပြည်တော် မတ် ၁၂

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး(၁၃)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၁၉၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၅)ဦးတို့က နယ်စပ်ရေးရာကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်၏ **"လှည်းကူးမြို့နယ် ဝါးရုံစွန်းကျေးရွာအုပ်စုရှိ ကျေးရွာချင်းဆက် ဂဝံလမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း အဖြစ်အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လှည်းကူးမြို့နယ် ဝါးရုံစွန်းကျေးရွာအုပ်စုနှင့် ရန်ကုန်-မန္တလေး အမှတ်(၂) လမ်းမကြီးတို့ ဆက်သွယ်ထားသော အဆိုပါ ကျေးရွာချင်း ဆက်လမ်းမှာ အရှည်(၂)မိုင်(၁)ဖာလုံရှိသည့် ဂဝံလမ်းဖြစ်ပြီး အဆိုပါလမ်းကို (၁၂)ပေ အကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပါက ရေပြွန်(၁)စင်း တည်ဆောက်ခြင်း အပါအဝင် ငွေကျပ်(၁၆၅ ဒသမ ၄၃)သန်း ကျသင့်မည်ဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပါက ငွေကျပ် (၂၃၆) သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးစိုးမောင် ရှင်းလင်းဆွေးနွေးစဉ်။
(သတင်းစဉ်)

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးရွာချင်းဆက်လမ်းများကို မြေသားလမ်းမှ ကျောက်ချောလမ်းအထိလည်းကောင်း၊ မြို့နှင့်ကျေးရွာဆက်သွယ်သောလမ်းများကို မြေသားလမ်းမှကျောက်ချောလမ်း၊ ယင်းမှ ကတ္တရာလမ်းအထိလည်းကောင်း ဦးစားပေးအလိုက် စီမံချက်ရေးဆွဲ၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျေးလက်လမ်းများကို ကွန်ကရစ်ခင်းရန် ဆောင်ရွက်ပေးနိုင်သည့် အခြေအနေမရှိသေးပါသဖြင့် အဆိုပါလမ်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ်(၂၃)သန်းဖြင့် ရေပြွန်(၁)စင်း တည်ဆောက်ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်း (၃) ဖာလုံကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်လုပ်ငန်းများကို နှစ်အလိုက် လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအေး၏ **"ပုဂံမြို့ဟောင်းအတွင်းရှိ တန်ခိုးကြီးဘုရားများသို့သွားသည့်လမ်းများအား ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် တန်ခိုးကြီးဘုရားများသို့သွားသော အဓိကလမ်းများဖြစ်သည့် အနော်ရထာလမ်း၊ ရွှေစည်းခုံဘုရားလမ်း၊ ငှက်ပစ်တောင်ဘုရားလမ်း၊ အလိုတော်ပြည့်ကျောင်းလမ်းနှင့် ဘုရားနီဘေးလမ်းတို့ကို တာဝန်ယူဆောင်ရွက်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် (၂၆ ဒသမ ၄၅)သန်းဖြင့် အနော်ရထာလမ်း ကတ္တရာရေပိတ်လွှာလောင်းခြင်း (၄)ဖာလုံ၊ ရွှေစည်းခုံဘုရားလမ်း ကတ္တရာလမ်းတိုးချဲ့ခြင်း (၁)ဖာလုံနှင့် ဘုရားနီဘေးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း(၁)ဖာလုံတို့အား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ အာနန္ဒာလမ်းခွဲ-ဓမ္မရံကြီးဘုရားလမ်း၊ ဓမ္မရံကြီးလမ်းခွဲ-စူဠာမုနိဘုရားလမ်း၊ စူဠာမုနိဘုရား-ဆင်ဖြူရှင်ဘုရားလမ်း၊ ဆင်ဖြူရှင်ဘုရား-လေးမျက်နှာဘုရားလမ်း၊ အနော်ရထာ-ရွှေဆံတော်-ပုဂံမြို့သစ်လမ်း၊ ရွှေဆံတော်ဘုရား-မင်္ဂလာစေတီဘုရားလမ်း၊ ဓမ္မရံကြီးလမ်းခွဲ-ဓမ္မရာဇကဘုရားလမ်းနှင့် အလိုတော်ပြည့်ဘုရား-စူဠာမုနိဘုရားလမ်း စသည့်မြေသားလမ်းများကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနမှ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၏ မူလသဘာဝ အခြေအနေများ မပျောက်ပျက်စေရန်အတွက် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းမရှိဘဲ ပျက်စီးမှုများကိုသာ သက်ဆိုင်ရာဘုရားဂေါပကများနှင့် ညှိနှိုင်း၍ ရှေးမူမပျက် ပြုပြင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပုဂံမြို့ဟောင်းအတွင်းရှိ တန်ခိုးကြီးဘုရားသွားလမ်းများကို ပြုပြင်ထိန်းသိမ်းပေးရန်နှင့်ပတ်သက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကြီးကို ရေရှည်တည်တံ့စေရေးနှင့် စနစ်တကျ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်းနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**◆